ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၇၈ ခုနှစ် တန်ခူးလဆန်း ၁၁ ရက် သောကြာနေ့။ Friday, 7 April 2017 (၈၈၈၉)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိ



**ချန်ဒူး ဧပြီ ၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးတို့အား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာ ချမ်းချမ်းတို့က နေပြည်တော်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာသန်းမြင့်၊ ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါကြပြီး ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့ Shuang Liu အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရာ နေပြည်တော်လေဆိပ်၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

# တိုက်ခိုက်မှုအဆုံးသတ်ပြီး အခြေတကျဖြစ်ပြီဆိုရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုတာလည်း ပြီးဆုံးသွားပြီလို့ ဆိုနိုင်

***British Broadcasting Corporation - BBC သတင်းဌာနမှ ထုတ်လွှင့်ခဲ့သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား BBC သတင်းဌာနမှ သတင်းထောက် Fergal Keane က တွေ့ဆုံမေးမြန်းမှု (အင်္ဂလိပ်ဘာသာ)အား မြန်မာဘာသာသို့ပြန်ဆိုချက်နှင့်အတူ ဖော်ပြအပ်ပါသည်။***

**(Fergal Keane, BBC News):** ပြောင်းလဲမှုကိုပြောရမယ်ဆိုရင် သာမန်ပြည်သူတွေရဲ့ ဘဝမှာပေါ့၊ တောင်အာဖရိကမှာ တွေ့ကြုံခဲ့ရတဲ့အခြေအနေမျိုးပေါ့၊ လွတ်မြောက်ရေးလှုပ်ရှားမှုတစ်ရပ်အပြီး အာဏာရလာတဲ့အချိန်မှာ စိတ်တိုင်းမကျဖြစ်တဲ့ အနေအထားမျိုးတွေရှိနေတယ်လို့ ခံစားမိပါသလား။ ပြည်သူတွေရဲ့ဘဝတွေ ပိုမိုကောင်းမွန်ဖို့ ဘာတွေများလုပ်ပေးပြီးပါပြီလဲ။

**State Counsellor :** လက်တွေ့ကျကျပြောမယ်ဆိုရင် လမ်းတွေအများကြီးဖောက်ခဲ့တယ်။ ရှင်တို့အနေနဲ့ ဒီလိုလုပ်တာဟာ ဘာမှကြီးကြီးမားမားမဟုတ်ဘူးလို့ ထင်ကောင်းထင်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှင်တို့ဆီမှာ လမ်းတွေဟာ ဘိုးဘွားတွေလက်ထက်ကတည်းက ဖောက်လုပ်ပြီးနေပြီလေ၊ ကျွန်မတို့ဆီမှာတော့ အဓိပ္ပာယ်အများကြီးရှိပါတယ်။ ရာသီမရွေးသွားလာနိုင်တဲ့ လမ်းတွေဟာ လူတွေအတွက်

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻**




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် BBC သတင်းထောက် Fergal Keane ၏ တွေ့ဆုံမေးမြန်းမှုကို ပြန်လည်ဖြေကြားစဉ်။**

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ကြေးမုံ

## ယဉ်ကျေးမှုအစဉ်အလာကိုမမေ့သင့်

မကြာမီကာလ၌ မြန်မာတို့၏ ၁၂ လရာသီပွဲတော်များတွင် အစည်ကားဆုံး၊ ပျော်ရွှင်ဖွယ်အကောင်းဆုံး နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကာလသို့ ရောက်ရှိတော့မည်ဖြစ်သည်။ ပျော်ရွှင်စရာရေသဘင်ပွဲတော်သို့ ရောက်တိုင်းရောက်တိုင်း အပျော်နှင့်အပျက်ယှဉ်တွဲမြင်တွေ့ကြရသည်။ ယဉ်ကျေးသောရိုးရာသင်္ကြန်မှာ တစ်စတစ်စတိမ်ကောလာသည် ဆိုရမည်ဖြစ်သည်။

ထို့ကြောင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းကြဖို့ စည်းကမ်းတကျ ပျော်ရွှင်စွာရေပက်ကစားကြဖို့ သင်္ကြန်ကာလသို့ ရောက်တိုင်းရောက်တိုင်း သတိပေးနေကြရခြင်းဖြစ်သည်။ သင်္ကြန်ပွဲတော်ကာလ၏ အဓိကအနှစ်သာရမှာ ရေသဘင်ပွဲတော်ဆင်နွှဲခြင်းဖြစ်သည်။ ရှေးရှေးကာလက သပြေခက်နှင့်ရေပက်သည့်အလေ့အထမှ ရေခွက်နှင့်ရေပက်ကြသည်။ ထို့နောက် ရေပြွတ်၊ ရေပိုက်၊ ထိုမှ မီးသတ်ပိုက်အထိ ရေပက်လာကြသည်။

ထိုသို့ရေပက်ကြရုံမျှဖြင့် မဆိုလောက်သေးချေ။ တဖြည်းဖြည်းနှင့် ထိုထက်မကပိုကဲလာကာ ထိခိုက်နာကျင်စေလိုသောဆန္ဒများဖြင့် ရေပက်ကစားကြသည်ကိုတွေ့ရသည်။ ထိုမျှသာမက စည်းမဲ့ကမ်းမဲ့ ယာဉ်မောင်းနှင်မှု၊ အရက်သေစာသောက်စားမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုများအထိ ပြုလာကြသည်ကိုတွေ့ရပြီး မလျော်ကန်သော အပျော်လွန်ကဲမှုများပြုလုပ်ကြကာ မဖြစ်သင့်မဖြစ်ထိုက်သည့် အဖြစ်များနှင့်ကြုံတွေ့လာရသည်။

ထို့ကြောင့် သင်္ကြန်ကာလအတွင်း စည်းကမ်းထိန်းသိမ်းရေးနှင့် တားဆီးကာကွယ်ရေးတို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများက ကြိုတင်ပြင်ဆင် ဆောင်ရွက်နေရသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးအနေဖြင့် ရေသဘင်ပွဲကို အကြားအလပ်မရှိဆင်နွှဲကြရာတွင် စည်းကမ်းမလိုက်နာမှုနှင့် ဥပဒေချိုးဖောက်မှုများမှာ နေရာတိုင်းတွင် အနည်းနှင့်အများဆိုသလို တွေ့ကြုံရလေ့ရှိပြီး ထိုသို့မလိုက်နာဖောက်ဖျက်မှုများကို လွှမ်းခြုံကြပ်မတ်ထိန်းသိမ်းရန်အလုပ်မှာ လွယ်ကူသောအလုပ်မဟုတ်ချေ။

တစ်နှစ်ထက်တစ်နှစ် သတိပေးသူပေး၊ စည်းကမ်းထိန်းသူကထိန်း၊ စည်းကမ်းမလိုက်နာသူက မလိုက်နာ၊ ဥပဒေချိုးဖောက်သူက ချိုးဖောက်နှင့် လိုက်တမ်းပြေးတမ်းကစားနေသကဲ့သို့ဖြစ်နေသည်။ အမှန်တကယ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုကို မထိန်းသိမ်းနိုင်လျှင်သော်မှ အခြားသူများ အလွန်အကြူးမဖောက်ဖျက်သင့်အောင် ဝိုင်းဝန်းပါဝင် ကူညီဆောင်ရွက်ကြသင့်သည်။ ပြည်သူအားမပါလျှင် မည်သည့်အရာမျှ မရနိုင်သကဲ့သို့ ဤကဲ့သို့ နိုင်ငံတစ်ဝန်းတွင် ဖြစ်ပျက်တတ်သောကိစ္စများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပေသည်။

စည်းကမ်းထိန်းသိမ်းသောအဖွဲ့အစည်းတစ်ခုတည်းဖြင့် ဆောင်ရွက်သင့်သလောက် ဆောင်ရွက်နိုင်သော်လည်း ရေရှည်အတွက်နှင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပြည်သူအများက ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပေသည်။ ယခုအခါ သင်္ကြန်မကျမီ တစ်လအလိုကတည်းက သင်္ကြန်နှင့်ပတ်သက်၍ သတိပြုလိုက်နာဆောင်ရွက်သင့်သည်များနှင့် ဆောင်ရန်၊ ရှောင်ရန်ကိစ္စရပ်များကို သတင်းမီဒီယာများမှတစ်ဆင့် အသိပေးနေသည်ကို တွေ့ရသည်။

ယခုသင်္ကြန်ကာလတွင် အများပြည်သူတို့အား အန္တရာယ်ပေးနိုင်သည့် အရက်သေစာသောက်စားမှုများ၊ မူးယစ်ဆေးဝါးရောင်းချသုံးစွဲမှုများရှိလာသည်။ လူစုလူဝေးဖြင့် ဆင်နွှဲသောပွဲဖြစ်၍ လူဆိုးလူကောင်း ခွဲခြားရခက်ခဲပေသည်။ ထိုအထဲတွင် မကောင်းမှုဒုစရိုက်မှုများကို မဖြစ်ပွားမီရှာဖွေဖော်ထုတ်ရန် ခက်ခဲသဖြင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့်သာ အကျိုးရှိထိရောက်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် သင်္ကြန်ပွဲဆင်နွှဲသည့် မိန်းကလေးများကို ပစ်မှတ်အဖြစ်ထားလာသော ကာမဆန္ဒနှိုးဆွစေသည့် အစားအသောက်နှင့်အဖျော်ယမကာများကို မိန်းကလေးများ သောက်သုံးမိပါက ဘဝပျက်သည်အထိ ထိခိုက်နစ်နာမှုရှိနိုင်သည်ကို အထူးသတိပြုရမည်ဖြစ်သည်။

ထို့ကြောင့် သင်္ကြန်ပွဲတော်ကာလတွင် ရိုးရာယဉ်ကျေးမှုပျောက်၍ ဘဝပျက်နိုင်လောက်သည့်အဖြစ်မျိုး မဖြစ်ပွားစေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက စည်းကမ်းထိန်းသိမ်း၊ ကြပ်မတ်ဆောင်ရွက်ပေးမှုများနှင့်အတူ ပြည်သူလူထုတစ်ရပ်လုံးကလည်း ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပါသည်။ ။

## ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် e-Government လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**ရန်ကုန် ဧပြီ ၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဧပြီ ၁ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည့် e-Government လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ပြည်ထောင်စုဝန်ကြီးရုံးမှ တာဝန်ရှိသူများ၊ သတင်းအချက်အလက်၊ နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာနနှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် e-Government လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေး အခြေခံလိုအပ်ချက်ဖြစ်သော သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာ (ICT) ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး အရှိန်အဟုန်မြှင့်တင်၍ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ထိုအစည်းအဝေးတွင် e-Government လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရာ၌ မြန်မာစာစံစနစ်အဖြစ် ယူနီကုတ်အား ဧပြီ ၁ ရက်မှစတင်၍ အစိုးရဌာနများမှ စတင်အသုံးပြုကြရန်နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ဆင့် ပြည်သူလူထုများ ပါဝင်အသုံးပြုလာနိုင်ရေးလုပ်ငန်းစဉ်များ ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ တင်ပြသည့် မြန်မာနိုင်ငံတွင် IT industry ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအထောက်အကူပြုပေးနိုင်မည့် လုပ်ငန်းစဉ်များနှင့် မူဝါဒများအပေါ် ပြည်ထောင်စုဝန်ကြီးက လမ်းညွှန်ချက်များ ချမှတ်ပေးခဲ့ပြီး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**



## နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ နန်းမြို့ရိုး ရေရှည်တည်တံ့ရေးပြုပြင်၊ မြို့ရိုးလှပစေရေး ဆေးသုတ်မွမ်းမံ

**မန္တလေး ဧပြီ ၆**

မန္တလေးမြို့ နန်းမြို့ရှေးဟောင်းကျုံး၊ မြို့ရိုးနှင့် မြနန်းစံကျော်ရွှေနန်းတော်သို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ နေ့စဉ်လာရောက်လည်ပတ်လျက်ရှိသည်။ နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ နန်းမြို့ရိုး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။ နန်းမြို့ရိုးပတ်လည်ရှိ ရေညှိများကို ပေါင်းသတ်ရှင်းလင်းခြင်း၊ ရေလုံဆေးအသုံးပြု၍ အနားသတ်ကြားသိပ်ခြင်း၊ မြို့ရိုးအုတ်နံရံတွင် ပျက်စီးလစ်လပ်နေသောနေရာများကို ပြုပြင်ခြင်း၊ အက်ကွဲကျိုးပဲ့နေသောအုတ်များနှင့် ဆွေးမြည့်နေသောအုတ်များကို ဖယ်ရှားပြီး ရှေးဟောင်းအုတ် အရွယ်အစားအတိုင်း အစားထိုးပြုပြင်ခြင်း၊ ငလျင်ဒဏ်နှင့် မော်တော်ယာဉ်ကြီးများ သွားလာမှုကြောင့် မြို့ရိုးကွဲအက်ပျက်စီးနေသည့်နေရာများကို ကာဗွန်ဖိုက်ဘာနည်းပညာ၊ Brick Stitching နည်းပညာများဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် (မန္တလေး)မှ ကြီးကြပ်ကာ အုတ်အဆောက်အအုံ ထိန်းသိမ်းမှုပညာရှင်များက ဆောင်ရွက်လျက်ရှိသည်။

ပြုပြင်ပြီးစီးသွားသော မြို့ရိုးများအား သရိုး၊ တမာစေး၊ မြေနီရောစပ်ထားသည့်ဆေးဖြင့် သုတ်လျက်ရှိရာ ကျုံးအရှေ့ခြမ်း ပြီးစီးပြီး တောင်ဘက်ခြမ်းပြုပြင်ပြီးစီးသည့် မြို့ရိုးများ စတင်ဆေးသုတ်လျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## လယ်ယာမြေဥပဒေ၊ နည်းဥပဒေဆိုင်ရာ အသိပညာပေးဟောပြော

**ကြာအင်းဆိပ်ကြီး ဧပြီ ၆**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာတောင်သူလယ်သမားများအတွက် သိသင့်သိထိုက်သော လယ်ယာမြေဥပဒေ၊ နည်းဥပဒေများဆိုင်ရာ ဟောပြောပွဲကို ဧပြီ ၅ ရက် နံနက် ၁၀ နာရီက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ဦးစီး၍ ခလယ်ကျေးရွာ၊ တံခွန်တိုင်ကျေးရွာ၊ တောင်ဒီးကျေးရွာတို့တွင် ပြုလုပ်ခဲ့သည်။

ကြာအင်းဆိပ်ကြီးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးမှူး ဦးဝင်းစိုးနှင့် ဝန်ထမ်းများက တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော လယ်ယာမြေများ လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ကို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်မှစိစစ်၍ ထုတ်ပေးလျက်ရှိသည့်အပေါ် တောင်သူများမှ လျှောက်ထားရယူရမည့် လုပ်ငန်းစဉ်များကို ဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ် ပုံစံ(၇) အပြည့်အဝ ထုတ်ပေးနိုင်ရေးနှင့် တည်ဆဲ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ လိုက်နာကျင့်သုံးနိုင်ရေးအတွက် ကျေးရွာအလိုက်ကွင်းဆင်းအသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

## ရေရှားပါးသော ကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း

**ဘီးလင်း ဧပြီ ၆**။ ။ မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် နွေရာသီရေရှားပါးမှု မဖြစ်ပေါ်စေရေးအတွက် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက သောက်သုံးရေပြတ်လပ်သည့် ဝင်းကကျေးရွာအုပ်စု ကြာဇီအောင်ကျေးရွာသို့ သောက်သုံးရေ ဂါလန် ၅၃၃၀၊ တောင်ကြီးကျေးရွာအုပ်စု မော်ကြီးဝိုင်ကျေးရွာသို့ ရေ ၁၆၆၆ ဂါလန်၊ ကြံတိုင်းအောင်ကျေးရွာသို့ ရေ ၁၃၃၃ ဂါလန်နှင့် ဒေါက်ရပ်ကျေးရွာအုပ်စု တောင်ကလေးကျေးရွာသို့ ရေဂါလန် ၁၀၀၀ တို့ကို မတ်လ နောက်ဆုံးပတ်က သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဧပြီ ၆**

ရန်ကုန်(ရွှေဈေး) ၉၀၂၀၀၀ - ၉၀၂၀၀၀ မန္တလေး(ရွှေဈေး) ၉၀၂၀၀၀ - ၉၀၂၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၅/၇၀၅ ကျပ်၊ | ၇၂၀/၇၃၅ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၄၀/၇၆၀ ကျပ်၊ | ၈၄၅/၈၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၅၅/၇၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၅/၇၃၀ ကျပ်၊ | ၇၃၅/၇၄၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၅၉ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၆၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၈. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၄၉. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆. ၉၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၂၉၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၆. ၄၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၉၃၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၉. ၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀. ၁၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၆. ၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၉. ၅၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

## သွေးစည်းညီညွတ်စွာ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း

ဒီကနေ့ဒီအချိန် နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံးအောင်မြင်အောင် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက ခိုင်မာတဲ့ ပြည်ထောင်စုစိတ်ဓာတ်၊ စစ်မှန်တဲ့မျိုးချစ်စိတ်ဓာတ်တို့နဲ့ သွေးစည်းညီညွတ်စွာ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြဖို့ အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

**(နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ၁၀-၁-၂၀၁၇ ရက်နေ့တွင် ပေးပို့သော (၆၉)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေး အရေးကြီး

ကျွန်မတို့ အခုတစ်နှစ်အတွင်းမှာဆိုရင် စိန်ခေါ်မှုအများကြီးနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ အားလုံးကသိတဲ့အတိုင်းပဲ ကျွန်မတို့နိုင်ငံဟာ စီးပွားရေးအရ ချွတ်ခြုံကျနေတယ်။ နောက်ပြီးတော့လည်း ကျွန်မတို့နိုင်ငံဟာ လွတ်လပ်ရေးရတဲ့ အချိန်ကနေစပြီးတော့ အခုထိ အပြည့်အဝ ငြိမ်းချမ်းရေးဆိုတာ မရရှိခဲ့သေးပါဘူး။ ကျွန်မတို့အတွက် အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးဆိုတာဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဒီဟာကတော့ ဒုတိယကိစ္စရပ်ကြီးပါပဲ။ ဒါပေမယ့် ကိစ္စရပ်တွေက တစ်ခုနဲ့တစ်ခုဆိုတာဟာ ဆက်နွှယ်နေပါတယ်။

**(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

**✱ ရှေ့ဖုံးမှ**

နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များအား စီချွမ်ပြည်နယ် ဒုတိယ မြို့တော်ဝန် မစ္စတာ ဟောင်ဟွန်းဘူ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် မြန်မာသံရုံးဝန်ထမ်းများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် ချန်ဒူးမြို့ ဂျင်ဂျန်းဟိုတယ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ လေရှန်မြို့သို့ ရောက်ရှိကြပြီး (Giant Buddha) ကျောက်ထွင်းဗုဒ္ဓရုပ်ပွားတော်ကြီး အား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ကျောက်ထွင်းဗုဒ္ဓရုပ်ပွားတော်ကြီးသည် လေရှန်မြို့အနီးတွင်ရှိသော Minjiang မြစ်၊ Dadu မြစ်၊ Qingyi မြစ် သုံးစင်းဆုံရာတွင် တည်ရှိသည်။ ကျောက်တောင်နံရံကို ထွင်းထုထားခြင်းဖြစ်ပြီး ခြေနှစ်ဖက်စုံချထားသည်။ ညာဏ်တော်အမြင့် ၇၁ မီတာ (၂၃၃ ပေ)၊ ပခုံးတော်အကျယ် ၂၈ မီတာ၊ မျက်နှာတော် အရှည် ၁၄ ဒသမ ၇ မီတာနှင့် မျက်နှာပြင်အကျယ် ၁၀ မီတာရှိသည်။ တရုတ်နိုင်ငံ "တန်" မင်းဆက်လက်ထက် အေဒီ ၇၁၃ တွင် စတင်ထွင်းထုခဲ့ပြီး နှစ်ပေါင်း ၉၀ အကြာ အေဒီ ၈၀၃ တွင် ပြီးစီးခဲ့သည်။ Giant Buddha သည် ကမ္ဘာ့အကြီးဆုံး ကျောက်ထွင်းဗုဒ္ဓရုပ်ပွားတော်အဖြစ် မှတ်တမ်းဝင်ထားပြီး ၁၉၉၆ ခုနှစ်တွင် ယူနက်စကိုက ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခဲ့သည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် ခေတ္တတည်းခိုသည့် ချန်ဒူးမြို့ ဂျင်ဂျန်းဟိုတယ်၌ စီချွမ်ပြည်နယ်ပါတီ အတွင်းရေးမှူး Mr. Wang Dongming အား လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုမြင့်တင်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ လယ်ယာစိုက်ပျိုးရေးနှင့် ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးနှင့် ပညာတော်သင်များ အပြန်အလှန် စေလွှတ်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးသည် စီချွမ်ပြည်နယ်ပါတီ အတွင်းရေးမှူး တည်ခင်းသော ညစာစားပွဲသို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ဇနီး ဒေါ်စုစုလွင်နှင့် အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လေရှန်မြို့ရှိ Giant Buddha ကျောက်ထွင်းဗုဒ္ဓရုပ်ပွားတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး အမှတ်တရဓာတ်ပုံ ရိုက်ကြစဉ်။**

## ၂၀၁၇ ခုနှစ် မတ်လအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၁၆၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၁၃၀၀၀ ကျော်အထိ ခန့်ထားနိုင်ခဲ့

**နေပြည်တော် မေ ၆**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိစေရေး အတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင် ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမား လုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၁၇ ခုနှစ် မတ်လအတွင်း ပြည်တွင်းအလုပ်အကိုင် ရရှိမှုအနေဖြင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်အကိုင်ရရှိမှု အခြေအနေကို ကြည့်မည်ဆိုပါက ပြည်တွင်း အလုပ်အကိုင် နေရာ ၁၃၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့ကြောင်း သိရသည်။

အစိုးရနှင့် ပုဂ္ဂလိကနှစ်ရပ်ပေါင်း ပြည်တွင်း အလုပ်အကိုင်ရရှိမှုတွင် ရန်ကုန်တိုင်းဒေသကြီးတွင် ၈၇၉၅ ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၂၉၁ ဦး ရှိခဲ့ကာ အလုပ်အကိုင်ရရှိမှု အများဆုံးအဖြစ် ရပ်တည်ခဲ့ပြီး အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အလုပ်အကိုင်လိုအပ်ချက် အလိုက် အသီးသီးရပ်တည်ခဲ့ကာ ချင်းပြည်နယ်တွင် အလုပ်အကိုင်နေရာ ၁၈ နေရာရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၁၆၃၅၉ ဦးအထိရှိခဲ့ပြီး ပြည်ပသို့ အလုပ်သွားရောက်လုပ်ကိုင်သူများအနက် ထိုင်းနိုင်ငံသို့ ၁၅၆၅၆ ဦး၊ ကိုရီးယားနိုင်ငံသို့ ၃၂၆ ဦး၊ ဂျပန်နိုင်ငံသို့ ၂၀၉ ဦး၊ မလေးရှားနိုင်ငံသို့ ၈၆ ဦး၊ စင်ကာပူနိုင်ငံသို့ ၅၅ ဦး၊ ကာတာနိုင်ငံသို့ ၂၂ ဦး၊ ယူအေအီးသို့ လေးဦးနှင့် မကာအိုနိုင်ငံသို့ တစ်ဦး အသီးသီးစေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။

**(နိုင်လင်းကြည်)**

❑

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မော်လ်တာသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်

**နေပြည်တော် မေ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မော်လ်တာသမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူကြီးများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့ကို အခြေခံပြီး သံတမန်ဆက်သွယ်ရေးနှင့် ကောင်စစ်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းများနှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ထူထောင်လိုသည့်ဆန္ဒ ရှိကြသည့်အားလျော်စွာ မေ ၅ ရက်မှ စတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ထူထောင်ကြသည်။

နှစ်နိုင်ငံသံတမန်အဆက်အသွယ် ထူထောင်သည့် ပူးတွဲကြေညာချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဆိုင်ရာ မော်လ်တာအမြဲတမ်းကိုယ်စားလှယ်တို့သည် မေ ၅ ရက်တွင် နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှု တိုးချဲ့ရေး အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မော်လ်တာသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ ၁၁၅ နိုင်ငံမြောက် သံတမန်အဆက်အသွယ်ထူထောင်သည့် နိုင်ငံဖြစ်သည်။

**(သတင်းစဉ်)**

**ညီညွတ်ခြင်းနှင့် ပေါင်းစည်းတည် ချစ်ကြည်စည်းလုံး တို့အားလုံး**

# ၂၀၁၅ ခုနှစ်တွင် ဆေးလိပ်သောက်သုံးခြင်းကြောင့် သေဆုံးသူအရေအတွက် ခြောက်သန်းရှိ

**ဝါရှင်တန် မေ ၆**

၂၀၁၅ ခုနှစ်အတွင်း ဆေးလိပ်သောက်သုံးခြင်းကြောင့် သေဆုံးသူအရေအတွက်မှာ ခြောက်သန်းထက် ကျော်လွန်ခဲ့သည်ဟု နိုင်ငံတကာသုတေသနအဖွဲ့တစ်ဖွဲ့က ဆိုသည်။

အမေရိကန်၊ဗြိတိန်နှင့် ဂျပန်သုတေသီများပါဝင်သော သုတေသနအဖွဲ့တစ်ဖွဲ့က မေ ၅ ရက်ထုတ် The Lancet ဆေးပညာပေးဂျာနယ်တွင် ဆေးလိပ်သောက်ခြင်းကြောင့် သေဆုံးသူအရေအတွက်ကို စစ်တမ်းကောက်ဖော်ပြထားသည်။




သုတေသီများက စစ်တမ်းကောက်ခံရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အခြားသောကျန်းမာရေးအဖွဲ့အစည်းများ၏ အစီရင်ခံစာ ၂၈၀၀ ကျော်အပေါ် အခြေခံကာ စစ်တမ်းပြုစုခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် နိုင်ငံ ၁၉၅ နိုင်ငံနှင့် အခြားသော နယ်မြေဒေသများရှိ လူပေါင်း ၉၃၃ သန်းခန့်သည် နေ့စဉ်နှင့်အမျှ ဆေးလိပ်သောက်သုံးလျက်ရှိကြောင်း အဆိုပါသုတေသီအဖွဲ့က တွေ့ရှိခဲ့သည်။

၁၉၉၀ မှ ၂၀၁၅ ခုနှစ်အတွင်း အမျိုးသားများအကြား ဆေးလိပ်သောက်သုံးမှု ပမာဏသည် ၃၄ ဒသမ ၉ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ လျော့ကျသွားခဲ့ပြီး အမျိုးသမီးများ၏ ဆေးလိပ်သောက်သုံးမှုပမာဏသည် ၈ ဒသမ ၂ ရာခိုင်နှုန်းမှ ၅ ဒသမ ၄ ရာခိုင်နှုန်းအထိ လျော့ကျသွားခဲ့သည်။

ယင်းသို့ ဆေးလိပ်သောက်သုံးသူ ပမာဏလျော့ကျသွားခြင်းသည် ဆေးလိပ်ဈေးနှုန်းများမြင့်တက်လာခြင်းနှင့် ဆေးလိပ်သောက်သုံးမှုကို ထိန်းချုပ်သည့်လုပ်ဆောင်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကြောင့် ဖြစ်သည်ဟု သုတေသီများက ယူဆကြသည်။

၂၀၁၅ ခုနှစ်တွင် သေဆုံးခဲ့သည့် ၆ ဒသမ ၄ သန်းသည် နှလုံးရောဂါနှင့် အဆုတ်ရောဂါကဲ့သို့သော ဆေးလိပ်ကြောင့်ဖြစ်ပွားသည့် ရောဂါဆိုးများကြောင့်ဖြစ်သည်ဟု သုတေသီများက ဆိုသည်။

၂၀၁၅ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ဆေးလိပ်သောက်သုံးခြင်းကြောင့် ၁ ဒသမ ၇၇ သန်းသေဆုံးခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ၇၄၀၀၀၀၊ အမေရိကန်တွင် ၄၇၀၀၀၀ နှင့် ဂျပန်နိုင်ငံတွင် ၁၆၆၀၀၀ သေဆုံးခဲ့ကြောင်း သုတေသီအဖွဲ့က စစ်တမ်းကောက်ခဲ့သည်။

အချို့သောနိုင်ငံများတွင် ဆေးလိပ်သောက်သုံးသူဦးရေ မြင့်တက်လျက်ရှိနေသေးသည့်အတွက် ဆေးလိပ်သောက်သုံးခြင်းကြောင့် သေဆုံးမှုနှုန်းများကို လျှော့ချရန် ထိရောက်ကောင်းမွန်သော မူဝါဒများနှင့် ဥပဒေများ ပြဋ္ဌာန်းထားရန် လိုအပ်ကြောင်း သုတေသီများကဆိုသည်။

**အင်န်အိတ်ချ်ကေ။**

## သူလျှိုပြုလုပ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခံခဲ့ရသူ ရုရှားဘဏ်လုပ်ငန်းရှင်ကို မော်စကိုသို့ ပြည်နှင်

**မော်စကို မေ ၆**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ လှုပ်ရှားနေသော သူလျှိုဂိုဏ်းတွင် ပါဝင်ပတ်သက်ခဲ့မှုဖြင့် လွန်ခဲ့သည့်နှစ်က အမေရိကန်၌ ပြစ်ဒဏ်ချမှတ်ခံခဲ့ရသော ရုရှားဘဏ်လုပ်ငန်းရှင်တစ်ဦးကို မြို့တော်မော်စကိုသို့ ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း အမေရိကန် လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဌာနက မေ ၆ ရက်တွင် ပြောကြားသည်။

အသက် ၄၂ နှစ်ရှိ အီဗီဂျင်နီ ဘာယာကော့ကို ပြည်နှင်ဒဏ်ပေးရေးဆိုင်ရာ အရာရှိများနှင့်အတူ လေယာဉ်ပေါ်သို့ တင်ဆောင်ခဲ့ပြီးနောက် မြို့တော်မော်စကိုတွင် ရုရှားအာဏာပိုင်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း အမေရိကန် လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဌာနက ထုတ်ပြန်သည့်ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဘာယာကော့ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလက ဖမ်းခဲ့ပြီး အခြားနှစ်ဦးနှင့်အတူ စွဲချက်တင်ခဲ့သည်။ ၎င်းတို့သုံးဦးသည် ရုရှားထောက်လှမ်းရေးဌာနနှင့်အတူ လုပ်ကိုင်ခဲ့ကြကြောင်း အမေရိကန် အစိုးရရှေ့နေများက ပြောကြားခဲ့ကြသည်။

ဘာယာကော့နှင့် အပေါင်းပါနှစ်ဦးသည် ရုရှားနိုင်ငံကိုယ်စား အမေရိကန်ထံမှ စီးပွားရေး လျှို့ဝှက်သတင်းအချက်များ ရရှိနိုင်ရန် ပူးပေါင်းကြံစည်ခဲ့ကြကြောင်း၊ ရုရှားနိုင်ငံအပေါ် အမေရိကန်၏ စီးပွားရေးဒဏ်ခတ်မှုများနှင့် ပတ်သက်၍လည်း သတင်းအချက်အလက်များ ရရန် သူလျှိုလုပ်ကာ လှုပ်ရှားခဲ့ကြကြောင်း၊ ၎င်းအပြင် နယူးယောက်ဒေသခံများအား ထောက်လှမ်းရေး သတင်းပေးများအဖြစ် စုဆောင်းခဲ့ကြောင်း အစိုးရရှေ့နေများက ပြောကြားခဲ့ကြသည်။

**ရိုက်တာ။**




# ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များ ကာဇက်စတန်တွင် စစ်ရေးလေ့ကျင့်မှုစတင်

**အက်စ်တာနာ မေ ၆**

၂၀၁၇ ခုနှစ် နွေဦးရာသီ စတက်မြက်ခင်းပြင်လင်းယုန်ဟု အမည်ပေးထားသည့် နည်းဗျူဟာဆိုင်ရာ ငြိမ်းချမ်းရေးထိန်းသိမ်းမှုစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ကာဇက်စတန်နိုင်ငံရှိ အီလူစကီစစ်ဘက်ဆိုင်ရာ သင်တန်းကျောင်း၌ မေ ၅ ရက်တွင် စတင်ဖွင့်လှစ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကာဇက်စတန်၊ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့မှ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များပါဝင်လေ့ကျင့်ကြသည်။ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များသည် ၎င်းတို့တာဝန်ယူသည့်ဇုန်များတွင် ကင်းလှည့်ခြင်း၊ အဝေးပြေးလမ်းမများကို ထိန်းချုပ်ခြင်း၊ လမ်းများပေါ်တွင် အတားအဆီးချထားခြင်းနှင့် လူစုလူဝေးဖြိုခွင်းခြင်းဆိုင်ရာ နည်းဗျူဟာများအား လေ့ကျင့်ကြသည်။

စစ်ရေးလေ့ကျင့်မှု၏ အရေးအကြီးဆုံးအဆင့်ကို ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၄ ရက်အထိ လေ့ကျင့်ရေးသင်တန်းကျောင်း၏ ကွင်းတွင် ပြုလုပ်သွားမည်ဖြစ်သည်။ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)အဖွဲ့မှ စစ်ရေးကျွမ်းကျင်သူများသည် ကာဇက်ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ၏ လေ့ကျင့်မှုကို အကဲဖြတ်သုံးသပ်မည်ဖြစ်သည်။

**ဆင်ဟွာ။**

# ဆီးရီးယား၌ ဓာတုလက်နက်ဖြင့် တိုက်ခိုက်ဖွယ်ရှိမှု ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ သံတမန်များဆွေးနွေး

**ကုလသမဂ္ဂ မေ ၆**

ဆီးရီးယားနိုင်ငံ၌ ဓာတုလက်နက်ဖြင့် တိုက်ခိုက်သည်ဟု သင်္ကာမကင်းဖြစ်ရသည့် တိုက်ခိုက်မှုကြောင့် လူပေါင်း ၇၂ ဦးထက်မနည်း သေဆုံးခဲ့ရပြီးနောက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် သံတမန်များ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ကုလသမဂ္ဂသတင်းရပ်ကွက်က ပြောကြားသည်။

ဆီးရီးယားနိုင်ငံ၌ သူပုန်တို့ ထိန်းချုပ်ထားသော အဒီလစ်နိုစီရင်စုရှိ မြို့ငယ်လေးတစ်မြို့တွင် ဓာတုလက်နက်ဖြင့် တိုက်ခိုက်ခဲ့ဖွယ်ရှိသည့်ဖြစ်စဉ်နှင့် ပတ်သက်၍ အပြည့်အဝစုံစမ်းစစ်ဆေးပေးရန် ဖော်ပြထားသည့် ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို ဗြိတိန်၊ ပြင်သစ်နှင့် အမေရိကန်ပြည်ထောင်စုတို့က တင်သွင်းခဲ့ကြသည်။ သို့ရာတွင် ရုရှားနိုင်ငံက ယင်း၏ မဟာမိတ် ဆီးရီးယားနိုင်ငံဘက်မှ ကာကွယ်ခဲ့သည်။ ဆုံးဖြတ်ချက်မူကြမ်းသည် အချက်အလက်များ ခိုင်လုံမှုမရှိသဖြင့် မိမိတို့ လက်မခံနိုင်ကြောင်း ရုရှားသံတမန်က ပြောကြားသည်။

ဆီးရီးယားနိုင်ငံ ခန်ရှိတ်ဟွန်းမြို့၌ ဧပြီ ၄ ရက် နံနက်အစောပိုင်းက တိုက်ခိုက်ခဲ့မှုဖြစ်စဉ်နှင့် ပတ်သက်၍ ဓာတုလက်နက်တားမြစ်ရေးအဖွဲ့(အိုပီစီဒဗလျူ)က အပြည့်အဝစုံစမ်းစစ်ဆေးပေးရန် ဆုံးဖြတ်ချက်မူကြမ်းတွင် တိုက်တွန်းထားသည်။

အကယ်၍ ဓာတုလက်နက်သုံးစွဲကာ တိုက်ခိုက်ခဲ့သည်ဟု အတည်ပြုနိုင်မည်ဆိုပါက ဆီးရီးယား ပြည်တွင်းစစ်အတွင်း ဓာတုလက်နက်အသုံးပြုသည့် ဖြစ်စဉ်များအနက် အဆိုးရွားဆုံးဖြစ်စဉ်တစ်ခုဖြစ်မည်ဟုဆိုသည်။ ဆီးရီးယားနိုင်ငံ၌ ပြည်တွင်းစစ်ဖြစ်ပွားခဲ့မှုကြောင့် ပြည်သူငါးသိန်းခန့် သေဆုံးခဲ့ရပြီး စစ်မဖြစ်မီတည်ရှိခဲ့သော လူဦးရေ၏ ထက်ဝက်ခန့်မှာ အိုးအိမ်များကို စွန့်ခွာကာ ထွက်ပြေးခဲ့ကြရသည်။

**ရိုက်တာ။**



ပြည်တွင်းရေးရာ

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးအားတွေ့ဆုံ



**နေပြည်တော် မေ ၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ( United Nations Children's Fund) ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Mr. Rebert Justin Alexander Forsyth နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ရုံးခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် UNICEF ၏ မြန်မာနိုင်ငံ၌ ဆောင်ရွက်နေသည့်အစီအစဉ်များ၊ ကလေးသူငယ်များ၏ အာဟာရပြည့်ဝရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ အရွယ်မရောက်သေးသူ စစ်မှုထမ်းခြင်းမှ ကာကွယ်ရေးကိစ္စများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## ❋ တိုက်ခိုက်မှုမှ

အများကြီးပြောင်းလဲစေတဲ့ အကျိုးကျေးဇူးတွေရှိပါတယ်။ မနှစ်ကဆိုရင် ကျွန်မတို့ရဲ့ ဦးစားပေးလုပ်ငန်းတွေထဲမှာ အလုပ်အကိုင်ဖန်တီးရေးကို ဦးစားပေးတစ်ရပ်အနေနဲ့ ထားခဲ့တယ်။ တစ်နှစ်အတွင်းမှာ သတိပြုမိတာက ရာသီမရွေးသွားနိုင်တဲ့ လမ်းတွေဖောက်လုပ်နိုင်ရင်၊ လျှပ်စစ်ဓာတ်အားတွေပိုမိုဖြန့်ဖြူးနိုင်ရင် ပြည်သူတွေအနေနဲ့ သူတို့ကိုယ်တိုင်ကစတင်ပြီး လုပ်ငန်းတွေလုပ်ကိုင်လာနိုင်ကြမှာ ဖြစ်ပါတယ်၊ ဒီလိုဖြစ်လာတာဟာ ကြီးမားတဲ့ပြောင်းလဲမှုတွေကို ဖြစ်စေပါတယ်။

SC=ဒါပေမယ့် ကျွန်မတို့အနေနဲ့ ကောင်းမွန်အောင်လုပ်နိုင်ခဲ့တဲ့ လုပ်ငန်းတစ်ခုကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှေ့ဆက်နိုင်အောင်ဆောင်ရွက်နိုင်ခဲ့တာဟာလည်း ပိုပြီးသိသာတဲ့ဆောင်ရွက်ချက်လို့ထင်ပါတယ်။ ကျွန်မတို့အနေနဲ့လိုရာရောက်ပြီလို့တော့မပြောနိုင်သေးပါဘူး၊ ဒါပေမယ့် အောင်မြင်မှုတစ်ရပ်ပါ၊ အထူးသဖြင့် ပြည်သူတွေပိုမိုပါဝင်လာတာဖြစ်ပါတယ်။

BBC: အစ်မကြီးအနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ ပြီးခဲ့တဲ့တစ်နှစ်တာအတွင်း ရရှိခဲ့တဲ့ အောင်မြင်မှုတစ်ရပ်လို့ပြောခဲ့ပါတယ်၊ ဒါပေမယ့် အချို့နယ်စပ်ဒေသတွေမှာ တိုင်းရင်းသားလက်နက်ကိုင်များနဲ့ တိုက်ပွဲတွေပြင်းပြင်းထန်ထန်ဖြစ်နေတာကို တွေ့နေရပါတယ်။

SC =ကျွန်မတို့ ငြိမ်းချမ်းရေးအတွက်လုပ်ကြတယ်ဆိုတာ တိုက်ခိုက်မှုတွေရှိနေလို့ပေါ့။ တိုက်ခိုက်မှုတွေသာမရှိရင် ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်စရာလည်း လိုဦးမှာလား၊ တိုက်ခိုက်မှုအားလုံး အဆုံးသတ်ပြီး အားလုံးအခြေတကျဖြစ်နေပြီဆိုရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုတာလည်း ပြီးဆုံးသွားပြီလို့ ဆိုရမှာပေါ့၊ ဒါကြောင့် အစကတည်းက ကျွန်မတို့အနေနဲ့ လိုရာတော့မရောက်သေးဘူးလို့ပြောခဲ့တာပေါ့။

BBC : အစ်မကြီးအနေနဲ့ တပ်မတော်အပေါ်မှာ ထိန်းချုပ်နိုင်မှုမရှိဘူး၊ လုံခြုံရေးတပ်ဖွဲ့တွေကိုလည်း မထိန်းချုပ်နိုင်ဘူး၊ တိုက်ပွဲတွေဖြစ်တဲ့အခါမှာ သူတို့တွေအနေနဲ့ လုယက်မှု၊ မုဒိမ်းမှုနဲ့ နှိပ်စက်ညှဉ်းပန်းမှုတွေကို သူတို့လုပ်နေကျအတိုင်း လုပ်နေတာကိုရော။

SC =သူတို့တွေအနေနဲ့ လုယက်မှု၊ မုဒိမ်းမှုနဲ့ နှိပ်စက်ညှဉ်းပန်းမှုတွေကို လုပ်ခွင့်မရှိပါဘူး။ သူတို့တွေအနေနဲ့ တိုက်ပွဲတွေကိုတော့ တိုက်ခိုက်နိုင်ပါတယ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ စစ်ရေးစစ်ရာကိစ္စတွေကို တပ်မတော်ကသာ စီမံခန့်ခွဲပိုင်ခွင့် ပြဋ္ဌာန်းထားတယ်လေ၊ ဒါကြောင့်လည်း ကျွန်မတို့အနေနဲ့ အခြေခံဥပဒေကိုပြောင်းဖို့ ကြိုးစားနေတာပေါ့။ အခြေခံဥပဒေကို ပြင်ဆင်နိုင်ဖို့ဆိုတာ ကျွန်မတို့ရဲ့ရည်မှန်းချက်တွေထဲက တစ်ခုပေါ့။ ဘာဖြစ်လို့လဲဆိုတော့ NCA ရဲ့နောက်ဆုံးပန်းတိုင်က ဖက်ဒရယ်စနစ်အခြေခံတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းနိုင်ဖို့လေ။

BBC : မြန်မာ့သမိုင်းလမ်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် လွတ်လပ်ရေးရပြီးကတည်းက ဘာတွေဖြစ်နေတာပါလဲ။

SC= ရှင့်အနေနဲ့ တောင်အာဖရိကမှာ နေဖူးကြုံဖူးခဲ့တာပဲ။ အသားအရောင်ခွဲခြားမှု မူဝါဒကို အဆုံးသတ်နိုင်ခဲ့တယ်။ ရှင့်အနေနဲ့တော့မဟုတ်ဘူးပေါ့။ တောင်အာဖရိက ပြည်သူပြည်သားတွေအားလုံး ဝိုင်းဝန်းလုပ်ဆောင်နိုင်ခဲ့တာပဲ၊

BBC :ဘယ်အချိန်အတိုင်းအတာကို ပြောနေတာလဲ။ လပိုင်းအတွင်းလား၊ နှစ်ပိုင်းအတွင်းလားခင်ဗျား။

SC =နှစ်အနည်းငယ်ထက်တော့ ပိုမကြာသင့်ဘူးလို့ မျှော်လင့်ထားပါတယ်၊ အဲဒီလိုဖြစ်အောင်လည်း ရည်မှန်းဆောင်ရွက်နေပါတယ်။

BBC : နောက်တစ်ခုမေးချင်တာကတော့၊ အစ်မကြီးလည်း သိပြီးသားပါ။ ယခု နိုင်ငံတကာမှာ စိုးရိမ်ပူပန်မှုတွေဖြစ်ပေါ်နေပြီး အစ်မကြီးအပေါ် နိုင်ငံတကာ အသိုက်အဝန်းရဲ့အမြင်ပါ။ သတင်းစာခေါင်းကြီးပိုင်းတွေကိုလည်း အစ်မကြီးတွေ့ပြီးဖြစ်မှာပါ။ အစ်မကြီးအနေနဲ့ ရိုဟင်ဂျာမူဆလင်တွေကိစ္စကိုင်တွယ်ဖြေရှင်းမှုနဲ့ပတ်သက်ပြီး နိုင်ငံတကာမှာ ထင်ပေါ်ကျော်စောသူတွေက ဝေဖန်ရှုတ်ချပြောဆိုနေတဲ့ကိစ္စပါ။

SC =သူတို့က ဘာကိုရှုတ်ချနေတာလဲ။

BBC : ရခိုင်ပြည်နယ်အတွင်းကို ကုလသမဂ္ဂရဲ့ အချက်အလက်ရှာဖွေရေးအဖွဲ့တစ်ဖွဲ့ စေလွှတ်တာကို အစ်မကြီးကို လက်ခံစေချင်တဲ့ကိစ္စပါ။

SC =ဒါပေမယ့် အဲဒါက အခုမှဖြစ်တာလေ။ ပြီးခဲ့တဲ့လကမှ သူတို့တောင်းဆိုတာလေ။ ပြီးခဲ့တဲ့တစ်နှစ်လုံး ဘာတွေကိုရှုတ်ချနေတာလဲ။

BBC : လူတွေအများကြီးကပေါ့၊ အစ်မကြီးအပေါ်စာနာစိတ်ရှိတဲ့လူတွေ အပါအဝင်ပေါ့၊ လူ့အခွင့်အရေး အထင်ကရပုဂ္ဂိုလ်တစ်ဦးအနေနဲ့ ဘာကြောင့်ဒီကိစ္စကို တစ်စုံတစ်ရာ မပြောတာလဲဆိုပြီးတော့ပေါ့နော်။

SC =တစ်စုံတစ်ရာ ပြောဆိုမှု မပြုဘူးဆိုတာ ဘာကိုပြောတာလဲ။ ဒီမေးခွန်းမျိုးယခင် ၂၀၁၃ ခုနှစ် ရခိုင်အရေးကိစ္စဖြစ်စဉ်ကလည်း မေးခဲ့ကြတယ်လေ။ အဲဒီတုန်းကလည်း သူတို့တွေမေးခဲ့သမျှ ကျွန်မပြန်ဖြေခဲ့တယ်။ ဒါပေမယ့် ကျွန်မဘာမှ မပြောဘဲနေတယ်လို့ပဲပြောကြပြန်ရော။ အဲဒါက ရှင်းပါတယ်၊ ကျွန်မက သူတို့ကြားချင်တဲ့စကားမျိုးမပြောလို့လေ၊ သူတို့ကြားချင်တာက အသိုက်အဝန်းနှစ်ခုထဲက တစ်ခုကို ရွေးချယ်ပြီး ပြစ်တင်ဝေဖန်တာကို ကြားချင်တာပါ။

BBC : နိုဘယ်ဆုရှင်တွေရဲ့ ပြောခဲ့တဲ့စကားအချို့ကို ကိုးကားပြောချင်ပါတယ်။ "ဒေါ်အောင်ဆန်းစုကြည်အား အကြိမ်ကြိမ်အခါခါ အသနားခံပြောကြားခဲ့သော်လည်း ရိုဟင်ဂျာများရဲ့ တန်းတူရည်တူရှိမှုနှင့် နိုင်ငံသားအခွင့်အရေးအပြည့်အဝ ရရှိခံစားနိုင်ရေးအတွက် အရေးယူဆောင်ရွက်ပေးခြင်းမရှိသည့်အတွက် စိတ်ပျက်ရကြောင်း"ပြီးတော့"ဒေါ်အောင်ဆန်းစုကြည်ဟာ ခေါင်းဆောင်တစ်ယောက်အနေနဲ့ သတ္တိရှိရှိ၊ လူသားဆန်ဆန်နှင့် သနားကြင်နာမှုနဲ့ အဓိကဦးဆောင်ရမည့် တာဝန်ရှိကြောင်း" အချုပ်အားဖြင့် အစ်မကြီးအနေနဲ့ လူသားဆန်တဲ့စိတ်ဓာတ်ရှိ/မရှိဆိုတဲ့ စမ်းသပ်ချက်ဖြစ်ပြီး အမ်မကြီးအနေနဲ့ ကျရှုံးတယ်လို့ သူတို့ရှုမြင်ကြောင်း။

SC =ဒါကတော့ သူတို့ရဲ့အမြင်ဖြစ်ပါတယ်။ အမှန်တရားကတော့ ကျွန်မတို့အနေနဲ့ နိုင်ငံ့တာဝန်စယူတဲ့အချိန်မှာ ပထမဦးဆုံးဆောင်ရွက်ခဲ့ကိစ္စက နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်ဆိုတာကို သူတို့ထည့်သွင်းစဉ်းစားမိပါသလား။ နိုင်ငံသားဖြစ်ထိုက်သူတွေ နိုင်ငံသားဖြစ်လာစေဖို့ ဆောင်ရွက်ခဲ့တာပါ။ ကျွန်မတို့ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်နဲ့အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ စတင်လုပ်ဆောင်ခဲ့ပြီး ဒေသအတွင်းတည်ငြိမ်အေးချမ်းဖို့နဲ့ သဟဇာတမျှတညီညွတ်ရေးကို ဖော်ဆောင်ပေးနေတာပါ။ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ပြဿနာအတော်များများဟာ အရင်းအမြစ်ရှားပါးမှုနဲ့ အသိုက်အဝန်းနှစ်ခုဟာ သူတို့ရဲ့ရှေ့ရေးကို စိုးရိမ်ကြောင့်ကြမှုတွေရှိနေပါတယ်။

SC =အောက်တိုဘာလမှာ နယ်ခြားစောင့်ရဲစခန်းတွေကို တိုက်ခိုက်မှုတွေပြုလုပ်ခဲ့တာနဲ့ပတ်သက်ပြီး ဘာကြောင့်ဖြစ်လာတယ်ဆိုတာကို ဘယ်လိုမှစဉ်းစားလို့ မရဘူး။ အဲဒီအချိန်မှာ နိုင်ငံသားစိစစ်ရေးကိစ္စတွေ၊ IDP စခန်းကလူတွေကို ပြန်လည်နေရာချထားဖို့ကိစ္စတွေ စတင်ဆောင်ရွက်နေတဲ့အချိန်ပါ။ ရှောရှောရှူရှူဆောင်ရွက်နေတဲ့ကိစ္စတွေအားလုံး အခုတိုက်ခိုက်မှုတွေကြောင့် ကမောက်ကမ ဖြစ်ကုန်တယ်။ ဘာအကြောင်းကြောင့် ဒီလိုဖြစ်စရာရှိလဲဆိုတာကို နားမလည်နိုင်ဘူး။ ဒါပေမယ့် လူအတော်များများက အဲဒီလိုအခြေအနေ (ဒီလိုဖြစ်လာအောင် ဖန်တီးနေတဲ့အခြေအနေ) တွေကို မသိကျိုးကျွန်မျက်ကွယ်ပြုနေကြသလိုပါပဲ ။ ဘာကြောင့် မျက်ကွယ်ပြုနေတာလဲ။

BBC : ကျွန်တော် ရဝမ်ဒါ၊ ဘော်လ်ကန်ဒေသများမှာ အကြိမ်ကြိမ် ကိုယ်တိုင်ကိုယ်ကျ သွားရောက်၍ တွေ့မြင်ခဲ့ခြင်း၊ လူအများအားမေးမြန်းမှု ပြုလုပ်ခဲ့ခြင်းစသည့် အတွေ့အကြုံများမှ လူမျိုးရေးမုန်းတီးမှုနဲ့ လူမျိုးစုမျိုးသုဉ်းသတ်ဖြတ်မှုကွာခြားချက်ကို ကောင်းကောင်းနားလည်ထားပါကြောင်း၊ ရခိုင်ဒေသမှာ စိတ်မကျေမနပ်မှုတွေ တိုးတက်များပြားလာတဲ့အတွက်ကြောင့် အစွန်းရောက်စစ်သွေးကြွတွေရဲ့ လက်ထဲရောက်သွားပြီး အခုလို တိုက်ခိုက်မှုတွေဖြစ်ပွားခြင်းဖြစ်တယ်လို့များ ထင်ပါသလား။

SC = ကျွန်မတို့ချိန်ဆနိုင်တာကတော့ အဲဒီအချိန်မှာ အားလုံးအေးအေးချမ်းချမ်းရှိနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတွေက ကျွန်မတို့ရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေ၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်တွေရဲ့ ရလဒ်တွေကို စောင့်ကြည့်နေလို့ပါ။ အဲဒီလုပ်ငန်းတွေကို ရပ်ဆိုင်းသွားအောင် သေချာတွက်ချက်ပြီး ဆောင်ရွက်တာလားလို့ ထင်ရပါတယ်။

BBC : ဒါတွေကိုရှင်းလင်းသွားဖို့အတွက် နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့နဲ့ နိုင်ငံတကာအေဂျင်စီတွေကို လာခွင့်ပြုလိုက်ရင် မကောင်းဘူးလား၊ လာခွင့်ကောပြုမှာလား။

SC =ဘာကိစ္စမှ မဖြစ်ခင်ကတည်းက ရခိုင်အရေးကိစ္စများလေ့လာသုံးသပ်ပေးဖို့ မစ္စတာကိုဖီအာနန်ရဲ့ကော်မရှင်ကို ဖိတ်ကြားခဲ့တယ်လေ။

SC =ဒီလိုလုပ်ခဲ့တာ ကုလသမဂ္ဂကတောင်းဆိုလို့လည်းမဟုတ်ဘူး။ ဘယ်အဖွဲ့အစည်းကမှ ကျွန်မတို့မှာ အချက်အလက်ရှာဖွေရေးမစ်ရှင် လိုအပ်တယ်လို့ မပြောခင်ကတည်းက ဒေါက်တာကိုဖီအာနန်ကို ဖိတ်ခေါ်ခဲ့ပြီး ကောင်မရှင်ကို ဖွဲ့စည်းတယ်။ ရခိုင်ကိစ္စကို ရေရှည်ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေရှာဖွေပေးဖို့ အကူအညီတောင်းခဲ့တယ်။ ကော်မရှင်ကပေးထားတဲ့ အကြံပြုချက်တွေကို ကျွန်မတို့ ဘယ်လိုအကောင်အထည်ဖော်ဆောင်မှုအခြေအနေဘယ်လိုရှိနေလဲဆိုတာကို သူကို တစ်ခေါက်ပြန်လာပြီး ကြည့်စေချင်ပါတယ်။

BBC : ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို ထွက်ပြေးသွားတဲ့သူတွေကို ပြန်လာဖို့ခေါ်မှာလား။ ပြန်လာရင် လုံခြုံစိတ်ချရပါတယ်လို့ ပြောမှာလား။

SC =သူတို့ပြန်လာရင် လုံခြုံမှာပါ၊ ပြန်လာတာ မလာတာ သူတို့ရဲ့ ဆုံးဖြတ်ချက်ပါ။ တချို့ပြန်လာကြပါတယ်၊ ထွက်သွားတဲ့သူတွေကို ဘာကြောင့် ထွက်သွားတယ်ဆိုတာမေးတော့ သူတို့နေတဲ့နေရာဒေသတွေမှာ တိုက်ခိုက်မှုတွေဖြစ်လို့ထွက်ပြေးတာလို့ ပြောတယ်။ တိုက်ခိုက်မှုတွေဖြစ်နေဦးမယ်ဆိုရင်တော့ သူတို့ပြန်လာချင်မှာ မဟုတ်ဘူးပေါ့။

BBC : သူတို့ကို လက်ခံမှာလား။

SC =လက်ခံမှာပါ၊ ပြန်လာနေကြတာပဲ၊ ပြန်လာတဲ့သူတွေကိုလည်း လက်ခံနေတာပဲ။

BBC : အစ်မကြီးကို လူတွေက မိမိတိုင်းပြည်မှာ လူမျိုးသုဉ်း သုတ်သင်ရှင်းလင်းမှုဖြစ်ပေါ်နေတာကို တားဆီးဖို့ပျက်ကွက်ခဲ့တဲ့ နိုဘယ်ဆုရှင်တစ်ယောက်အဖြစ်သော်လည်းကောင်း၊ လူ့အခွင့်အရေးအတွက် အထင်ကရ ရပ်တည်သူ ပုဂ္ဂိုလ်တစ်ယောက် အဖြစ်လည်းကောင်း မည်သို့အမှတ်တရ ကျန်ရစ်ခဲ့မည်ကို စိုးရိမ်မှုများ ထားရှိပါသလား။

SC = မဖြစ်ပါဘူး ။ ဘာကြောင့်လဲဆိုတော့ အခုဟာက လူမျိုးသုဉ်း သုတ်သင်ရှင်းလင်းမှုဖြစ်နေတာမှ မဟုတ်တာ၊ လူမျိုးသုဉ်းသုတ်သင်ရှင်းလင်းမှုဆိုတာ အခုဖြစ်နေတဲ့အခြေအနေကိုပြောဖို့အတွက် မကိုက်ညီပါဘူး။ ပြင်းထန်လွန်းပါတယ်။

BBC : ကျွန်တော်မြင်ခဲ့တော့ ကျွန်တော်ပြောရမှာပဲ

SC = ကျွန်မ ထောက်ပြခဲ့သလိုပဲ အဲဒီမှာ အာဃာတအမုန်းတရား ကြီးမားကြပါတယ်။ ယုံကြည်သူတွေကပဲ အာဏာပိုင်တွေနဲ့ ပူးပေါင်းသူတွေလို့ထင်တဲ့ မူဆလင်တွေကို မူဆလင်တွေက သတ်ဖြတ်နေကြတာလေ။ ဒါကို လူမျိုးသုဉ်းရှင်းလင်းသုတ်သင်မှုလို့ ပြောလို့မရဘူးလေ၊ အဲဒါက တစ်ဖက်နဲ့တစ်ဖက်ကွာခြားနေတဲ့ အသိုက်အဝန်းကြားမှာရှိနေတဲ့ လူတွေအကြား ဖြစ်ပေါ်နေတဲ့ ပဋိပက္ခကိစ္စပါ၊ အဲဒီကွာခြားနေမှုတွေကို ကျွန်မတို့က ကြိုးစားနီးစပ်အောင် လုပ်ပေးနေတာပါ။ အတတ်နိုင်ဆုံး ဒီထက်ပိုပြီး ကွာခြားမသွားဖို့ ကြိုးပမ်းဆောင်ရွက်ပေးနေတာပါ။

BBC : အနောက်နိုင်ငံက လူတွေအနေနဲ့ အစ်မကြီးအပေါ် အထင်အမြင်နားလည်မှု လွဲမှားနေတယ်။ အစ်မကြီးရဲ့ စရိုက်လက္ခဏာအပေါ် သုံးသပ်မှုလွဲမှားနေတယ်လို့ ထင်မြင်ပါသလား။ အစ်မကြီးကို သူတို့အနေနဲ့မဟတ္တမဂန္ဒီနဲ့ မာသာထရီဆာတို့ကဲ့သို့ မြင်ချင်နေပုံပေါ်တယ်လို့ ထင်ပါသလား။ ဒါမှမဟုတ် မာဂရက်သက်ချာလို ဆုံးဖြတ်ချက်ပြတ်သားပြီး သံမဏိကဲ့သို့ မာကျောသူလို့များမြင်နေမလားလို့။

SC= မထင်ပါဘူး။ ကျွန်မက နိုင်ငံရေးသမားတစ်ယောက်ပါ၊ မာဂရက်သက်ချာနဲ့လည်းမတူပါဘူး၊ တစ်ဖက်မှာလည်း မာသာထရီဆာလည်း မဟုတ်ပါဘူး၊ သူတို့နဲ့ တူအောင်လည်း တစ်ခါမှ မပြောခဲ့ပါဘူး၊ မဟတ္တမဂန္ဒီကတော့ အင်မတန်မှ ပါးရည်နပ်ရည်ရှိတဲ့ နိုင်ငံရေးသမားတစ်ယောက်ပါ။

BBC : မဟတ္တမဂန္ဒီအနေနဲ့ သူ့ရဲ့အသက်အန္တရာယ်ကိုမငဲ့ဘဲ လူနည်းစုမူဆလင်တွေအတွက် ကာကွယ်ဖို့လုပ်ခဲ့တာပေါ့နော်၊ အဲဒီလိုမျိုး နမူနာယူစရာလို့ မထင်ဘူးလား။

SC = မိမိအသက်ကိုစွန့်စားပြီး လုပ်ငန်းဆောင်ရွက်ခဲ့တယ်ဆိုတဲ့ စံနမူနာထက် သူ့ရဲ့ မွန်မြတ်တဲ့နိယာမသဘောတရားတွေကို လေးစားလိုက်နာနေထိုင်သွားတာက ပိုအရေးပါပါတယ်။

BBC : နောက်ဆုံးမေးခွန်းပါ၊ ဘာ့ကြောင့် ရခိုင်ပြည်နယ်ကို ကိုယ်တိုင်သွားပြီး အသိုက်အဝန်းနှစ်ခုလုံးနဲ့တွေ့ပြီး ငြိမ်းချမ်းရေးအတွက် တိုက်တွန်းတာမျိုး မလုပ်တာလဲ။

SC= ဘာကြောင့်လဲဆိုတော့ ရခိုင်ကိစ္စနဲ့ ပတ်သက်ပြီး ဆောင်ရွက်နေတဲ့သူတွေ သူတို့လုပ်ငန်းကို အောင်မြင်အောင်ဆောင်ရွက်နိုင်တဲ့ စွမ်းရည်ရှိကြောင်းကိုပြကြဖို့ အခွင့်အလမ်း ပေးထားတာပါ။ ကျွန်မတို့လူတွေလုပ်ကိုင်ဆောင်ရွက်နေတာကို လုပ်ကိုင်ဆောင်ရွက်နိုင်တဲ့ အစွမ်းအစရှိတာကို ယုံကြည်သူနည်းပါးနေတယ်လေ။

BBC : အခြေခံဥပဒေကို ပြောင်းလဲဖို့မလိုလားတဲ့သူတွေ၊ တပ်နဲ့ပတ်သက်ပြီး အမြစ်တွယ်နေတဲ့သူတွေ၊ ထောက်လှမ်းရေးနဲ့ပတ်သက်ပြီးရှိနေသူတွေအနေနဲ့ အစ်မကြီးနဲ့အစ်မကြီးပတ်ဝန်းကျင်က လူတွေကို ပစ်မှတ်ထားလာမှာကို မစိုးရိမ်ဘူးလားခင်ဗျာ။

SC =ဒါ ကျွန်မစိတ်ထဲထားတဲ့ ကိစ္စမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ NLD စတင်တည်ထောင်ချိန်ကစပြီး လွန်ခဲ့တဲ့ နှစ် ၃၀ လုံး အဲဒီလို အမေးခံရပါတယ်။ လုပ်ကြံနိုင်တဲ့သူတွေရဲ့ လုပ်ကြံခံရမှာ၊ အမျိုးစုံသော အန္တရာယ်ပေးခံရမှာ မစိုးရိမ်ဘူးလားလို့ အမေးခံရပါတယ်။ ဒီကိစ္စတွေကတော့ နိစ္စဓူဝစဉ်စားလေ့ရှိတဲ့ကိစ္စမဟုတ်ပါဘူး။ ဒါ အလုပ်နဲ့ပါလာတဲ့ အစိတ်အပိုင်းပဲပေါ့။

ကမ္ဘာ့ကျန်းမာရေးနေ့ ဂုဏ်ပြုဆောင်းပါး

# တကယ်ပါကွယ်. . .ကိုယ်ကတော့ "ကျ" တာတစ်ခုပဲသိတယ်

## ပါမောက္ခဒေါက်တာခင်မောင်ကြီး (စိတ်ကျန်းမာ/မှူးယစ်)

"ဟာ-ဆရာ။ ခေါင်းစဉ်ကတယ်မိုက်ပါလား။ စိုင်းထီးဆိုင်သီချင်းအလိုက် မျိုးရေးမလို့လား"

ကျွန်တော်သည် လန့်သယောင်ဖြစ်၍ လှည့်ကြည့်မိသည်။

ကျွန်တော်သည် သတင်းစာသို့ အချိန်မီပို့နိုင်ရန် ဆောင်းပါးတစ်ခုရေးရန်အတွက် ခေါင်းစဉ်ကို ရေးချနေတုန်းဖြစ်ပါသည်။ စိတ်စုစည်းနေချိန်ဖြစ်၍ တပည့်ဖြစ်သူ ရုံးခန်းအတွင်း ဝင်လာသည်ကို မသိလိုက်။ သူသည် ချွတ်နင်းဝင်လာပုံရ၍ကျွန်တော့်စာရွက်အား မလှမ်းမကမ်းမှကြည့်လိုက်ပြီး စူးရှသည့် မျက်လုံးက စာတန်းအားဖတ်မိပြီးဖြစ်ပေသည်။

ရုတ်တရက်ဖြစ်၍ ကျွန်တော်က စိတ်ဆိုးသယောင် "မင်း ဘာလို့အသံမပေးဘဲ ဝင်လာရသလဲ" လို့ပြောရာ "အသံပေးပါတယ် ဆရာရယ်၊ ဆရာက အာရုံစူးစိုက်မှုများနေလို့ ကျွန်တော်ပြောတာ မကြားတာပါ။ ဒါနဲ့ ဆရာက ဘာတွေ 'ကျ' နေတာကိုရေးမလို့လဲ"

"အော် ခုချိန်က ခေတ်ကျပ်ကြီးမို့လား. . . "

"ဘယ်လို. . . ဘာဆိုင်လို့လဲဆရာ ကျွန်တော်နားမလည်ပါဘူး"

"အော်. . . ဟုတ်တယ်။ ငါကလည်းလောသွားတယ်။ ရှင်းပြမယ်ကွာ၊ ငါက ခုချိန်ခေတ်ကို ခေတ်ကျပ်လို့ ခေါ်ချင်တယ်။ တို့ငယ်ငယ်က လူကြီးမိဘတွေက ခေတ်ကောင်းတုန်းကလို့ သုံးတယ်ကွ"

"ဟာ-ဆရာကလည်း။ အခုတော့ ခေတ်ဆိုးကြီးလို့ ပြောချင်လို့လား"

"ခေတ်ဆိုးကြီးလို့တော့ မပြောပါဘူး- ဒါပေမယ့်"

"သည်တော့. . . ဆရာဆိုလိုတာက. . . "

"အော်မဟုတ်ပါဘူး။ အခုကာလက ခေတ်ကျပ်ကြီးလို့တော့ ပြောရဲတယ်ကွာ။ ငွေကြေးကျပ်တည်း၊ အစားကျပ်၊ အနေကျပ်၊ အသွားအလာကျပ်၊ မော်တော်ကားကျပ်၊ ရထားတွေကျပ်၊ အငှားယာဉ်စီးရမှာကြောက်၊ လမ်းလျှောက်သွားတော့ တုတ်၊ ဓားဆောင်ရမလိုကြောက်ရ၊ ငွေကြေးကျပ်တော့ ဒေါ်လာဈေးတက်၊ ရွှေဈေးတက်၊ ကားဈေးတက်၊ အိမ်ဈေး၊ မြေဈေး ပေါပေါမရ၊ မတက်ဘူးဆိုတာတောင် အမြင့်ဆုံးရောက်နေပြီ။ သည်ပစ္စည်းဈေးတွေထက် အဆိုးဆုံးက စားစရာတွေ ဈေးတက်၊ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ မုန့်ပဲသရေစာ၊ လက်ဖက်ရည် အားလုံးဈေးတက်။ သည်ကြားထဲကမ္ဘာရွာတဲ့၊ သည်လောက်ကျပ်ပြီး တက်နေတဲ့အထဲ ကမ္ဘာက ကျုံ့သွားတော့ ပိုကျပ်ပြီး ပိုတက်ကုန်တာပေါ့"

"ဆရာ ဘာတွေပြောနေတာလဲဆရာ"

"ဟာ၊ မင်းကလည်း ဒုံးဝေးလိုက်တာ။ အားလုံးကျပ်နေ၊ တက်နေပေမယ့် ကျတာတစ်ခုတော့ တွေ့တယ်လို့ ငါရေးနေတာပါ။ ဒါက-စိတ်ဓာတ်ပေါ့။ စိတ်ဓာတ်ကျတာ ------"

"အော်-ဒါကြောင့်ကိုး။ ကျွန်တော် သိပြီ။ ဆရာတို့ ဧပြီ ၇ ရက် ကမ္ဘာ့ကျန်းမာရေးနေ့အတွက် မဟုတ်လား။ သည်နှစ်အတွက် စိတ်ကျဝေဒနာဆို-depression လို့ပြောတယ်။ဆရာက depression အကြောင်း ရေးမလို့ကိုး"

သည်လိုတော့ တပည့်က ဉာဏ်သွားသည်။

"ကဲ-ဆရာ၊ ဆရာစာရေးတာပျက်ပါတယ်။ ကျွန်တော်ရုံးစာတွေ သွားပို့လိုက်ဦးမယ်။"

ကျွန်တော်သည် စာကိုဆက်ရေးနေမိပါသည်။

မှန်ပါသည်။ ယခုနှစ် ဧပြီ ၇ ရက်တွင် ကျရောက်သော ကမ္ဘာ့ကျန်းမာရေးနေ့၏ဆောင်ပုဒ်မှာ-"Depression Let's Talk"ဟု WHO မှ သတ်မှတ်ထားပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက "စိတ်ကျဝေဒနာ၊ ပြောဆိုတိုင်ပင်ဆွေးနွေးပါ"ဟု မြန်မာမှုပြုထားပါသည်။ ၂၁ ရာစုတွင် စိတ်ကျဝေဒနာအရေးကြီးသည်ကို မီးမောင်းထိုးပြခြင်းဖြစ်ပါသည်။

### ၁။ စိတ်ကျဝေဒနာဆိုတာဘာလဲ

စိတ်ကျဝေဒနာခံစားနေရသူ၏ လက္ခဏာများမှာ-

(၁) စိတ်၏ ပုံမှန်ခံစားနေရမှုမှပြောင်းလဲပြီး တောက်လျှောက်ဝမ်းနည်းကြေကွဲနေခြင်း၊ စိုးရိမ်ပူပန်စိတ်များလွန်းပြီး စိတ်ခံစားမှုပျောက်ကွယ်နေခြင်း။

(၂) အရာရာတွင် မျှော်လင့်ချက်ကင်းမဲ့နေခြင်း၊ အဆိုးမြင်နေခြင်း။

(၃) မိမိကိုယ်ကိုအသုံးမကျခြင်း၊ ကူညီသူမရှိ အထီးကျန်ခြင်းနှင့်အတူ အပြစ်တွေရှိနေသည်ဟု ခံစားရခြင်း။

(၄) မည်သည့်ကိစ္စမျှ စိတ်မဝင်စားနိုင်ဘဲ ပျော်ရွှင်ကြည်နူးမှုမခံစားခြင်း။

(၅) အားအင်ကုန်ခန်း၍ နွမ်းလျနေခြင်း၊ နှေးကွေးနေခြင်း။

(၆) အာရုံစူးစိုက်မှုမပြုနိုင်ဘဲ မှတ်ဉာဏ်များပျောက်နေခြင်း။ ဆုံးဖြတ်ချက်ချရန် ခက်ခဲနေခြင်း။

(၇) အိပ်ရေးပျက်ခြင်း၊ သန်းခေါင်ကျော်နိုးနေခြင်း (သို့မဟုတ်) အအိပ်များလွန်းခြင်း။

(၈) အစားအသောက်ပျက်ခြင်း၊ ခံတွင်းပျက်ခြင်းနှင့် ကိုယ်အလေးချိန်ကျခြင်း။

(၉) မိမိကိုယ်ကို အဆုံးစီရင်စိတ်များဖြစ်ပေါ်ခြင်း၊ တွေးဆခြင်းနှင့် ကြိုးစားအားထုတ်ခြင်း။

(၁၀) စိတ်ညစ်ပြီး ဂနာမငြိမ်ဖြစ်၍ ဆောက်တည်ရာမရဖြစ်နေခြင်း။

(၁၁) ခန္ဓာကိုယ်ပေါ်တွင် လက္ခဏာခန္ဓာမျိုးစုံဖြစ်ပေါ်နေခြင်း။ ဥပမာ-ပူခြင်း၊ အေးခြင်း၊ ထုံခြင်း၊ ကျဉ်ခြင်း၊ သရိုးသရီ ကိုက်ခဲနာကျင်မှုဖြစ်နေခြင်းစသည်တို့ဖြစ်ပါသည်။

ဤခံစားချက်များထဲမှတစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍ရက်သတ္တပတ်နှစ်ပတ်တိတိ ဆက်တိုက်ခံစားနေရပြီး မိမိ၏ နိစ္စဓူဝ ဆောင်ရွက်ရသည့်ကိစ္စများနှင့် မိသားစုနှင့်အတူနေစဉ် ပူးပေါင်းဆက်ဆံလှုပ်ရှားမှုများပါ ထိခိုက်ပျက်ယွင်းလာနေပြီဆိုလျှင် စိတ်ကျဝေဒနာဖြစ်နေပြီဟု ပြောနိုင်ပေသည်။

### ၂။ စိတ်ကျဝေဒနာသည် မည်သူတွေမှာဖြစ်နိုင်ပါသလဲ။

ဆယ်ကျော်သက်အရွယ်မှစ၍ အသက်(၂၀)ကျော်၊ (၃၀)ကျော်၊ သက်ကြီး-မည်သည့်အရွယ်တွင်မဆိုဖြစ်နိုင်ပါသည်။

ကျား/မ မရွေးဖြစ်နိုင်သော်လည်း အမျိုးသမီးများတွင် အဖြစ်များပါသည်။

### ၃။ စိတ်ကျဝေဒနာဘာကြောင့်ဖြစ်သလဲ

စိတ်ကျဝေဒနာဖြစ်စေနိုင်တဲ့အကြောင်းတွေကတော့ ခပ်များများရှိပါသည်။

#### (၁) စိတ်ဖိစီးမှု

ပြင်းထန်သောစိတ်ဖိစီးမှုသည်လည်း စိတ်ကျစေခြင်းတွင် အကြောင်းတစ်ရပ်ဖြစ်ပါသည်။ စိတ်ဖိစီးမှုခံနိုင်ရန် ခန္ဓာကိုယ်တွင်း cortisol ဟုခေါ်သည့် ဟော်မုန်းတစ်မျိုးဖြင့် ဖိစီးမှုကိုခံနိုင်ရည်ရှိရန် ထိန်းညှိထား၏။ ဤဟော်မုန်း၏ ထွက်ရှိမှုအပေါ်တွင် မူတည်၍ စိတ်ဖိစီးမှုမခံနိုင်ပါက စိတ်ကျခြင်း ဖြစ်နိုင်ပေသည်။ သို့သော် စိတ်ကျဝေဒနာဖြစ်စေရန် စိတ်ဖိစီးမှုဖြစ်စေသည့် ပြင်ပပယောဂရှိရန်မလိုပေ။ ပြင်ပလောက ချောမွေ့နေလျက်နှင့်လည်း အတွင်းသွေးသားမှ စိတ်ကျဝေဒနာကို အလိုအလျောက် ဖြစ်စေနိုင်ပေသည်။ ခန္ဓာကိုယ်ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာမျိုးကြောင့်လည်း စိတ်ဖိစီးမှုဖြစ်၍ စိတ်ကျဝေဒနာအလိုအလျောက် ဖြစ်စေနိုင်ပေသည်။

#### (၂) ဦးနှောက်အတွင်းရှိ ဓာတုပစ္စည်းများ

ဦးနှောက်အာရုံကြောစနစ်တွင် ဦးနှောက်တွင်း၌ ဓာတ်သဘာဝပစ္စည်းများ ပြေးလွှားလှုပ်ရှား ဆော့ကစားနေကြပေသည်။ နပ်ဆဲလ်မျိုးစုံတို့ တစ်ခုမှတစ်ခုသို့ သတင်းအချက်အလက်များ ယူငင်လက်ခံ၍ တစ်ဆင့်ပေးပို့ခြင်းဖြင့် လူ၏ ခံစားမှု၊ တွေးတောမှုနှင့် သိမှုအာရုံတို့ဖြစ်ပေါ်နေကြပေသည်။ အဓိကအားဖြင့် adrenalin, dopamine, serotonin တို့မှာ အဓိကဖြစ်ပြီး အခြားဇီဝဓာတုပစ္စည်းများလည်း ရှိပေသေးသည်။ ဤပစ္စည်းများ လှုပ်ရှားသွားလာမှု ဂဟာစနစ်ပျက်လာပါက စိတ်ဓာတ်ကျခြင်းဝေဒနာဖြစ်ပေသည်။

#### (၃) မျိုးရိုးဗီဇ

လူတစ်ဦးတစ်ယောက်တွင် ဘိုးဘွားမိဘမှ စိတ်ကျဝေဒနာ မျိုးရိုးဗီဇ ပါရှိလာတိုင်း မလွဲမသွေ စိတ်ကျဝေဒနာဖြစ်ပွားမည်ဟု မဆိုလိုပါ။ မျိုးရိုးဗီဇသည် စိတ်ကျဝေဒနာဖြစ်စေနိုင်သော အကြောင်းအရာတစ်ချက်သာဖြစ်ပါသည်။ အခြားသောအကြောင်းအချက်များစွာလည်း ရှိပါသေးသည်။

မိသားစုအတွင်း စိတ်ကျဝေဒနာဖြစ်ခြင်းနှင့် မျိုးရိုးဗီဇကို လေ့လာသုတေသနပြုရာတွင် အချို့သည် စိတ်ကျဝေဒနာဖြစ်နိုင်ခြေပိုများကြောင်း တွေ့ရပေသည်။ သင်၏မိဘနှစ်ပါး (သို့မဟုတ်) မောင်နှမတစ်ယောက်တွင် စိတ်ကျရောဂါရှိလျှင် သင်သည်စိတ်ကျရောဂါဖြစ်နိုင်ခြေ တစ်ဆခွဲမှ သုံးဆအထိ ပိုလိမ့်မည်။ ဤဖြစ်နိုင်ခြေများခြင်းသည်ပင်လျှင် မျိုးရိုးဗီဇသယ်ဆောင်မှုကြောင့်ဟု သုံးသပ်ရပေလိမ့်မည်။

#### (၄) အခြားသောအကြောင်းအရာများ

စိတ်ကျဝေဒနာဖြစ်သော အထက်ပါ အကြောင်းတရားများအပြင် အခြားသော အကြောင်းတရားများ၊ သီအိုရီများလည်းရှိပါသေးသည်။ ၎င်းတို့မှာ-

(က) GABAစနစ်ပြောင်းလဲလျော့နည်းခြင်း (Gamm Amino Butyric Acid)

(ခ) သဘာဝအိပ်စက်နာရီချိန် ဟော်မုန်းပြောင်းလဲလျော့နည်းခြင်း (Abnormal circadium rhythm)

(ဂ) နပ်အာရုံကြောစနစ်ရှိ စတီးရွိုက်ဟော်မုန်းပြောင်းလဲမှု (Adrenalin Cortisol)


(ဃ) ကိုယ်တွင်းဘိန်းသဘာဝရှိ ဟော်မုန်းပြောင်းလဲမှု (Endorphin)

(င) သိုင်းရွိုက်ဟော်မုန်းပြောင်းလဲမှု (Thyroxine)

(စ) အရက်နှင့် အချို့သောမူးယစ်ဆေးဝါးများ သုံးစွဲမှုနှင့် ခန္ဓာကိုယ်ရောဂါကုသော အချို့ဆေးများ သုံးစွဲမှုကြောင့်လည်းဖြစ်တတ်ပါသည်။

### ၄။ စိတ်ကျဝေဒနာနှင့် အခြားခန္ဓာကိုယ်ရောဂါများ ဆက်စပ်မှု

စိတ်ကျဝေဒနာကို အခြားမပျောက်လွယ်သော (သို့မဟုတ်) ပြင်းထန်သော ခန္ဓာကိုယ်ရောဂါများနှင့် ပူးတွဲတွေ့နိုင်ပါသည်။ ဥပမာအားဖြင့် ဆီးချိုရောဂါ၊ ကင်ဆာ၊ နှလုံးရောဂါနှင့် လေဖြတ်ရောဂါများ ဖြစ်ပါသည်။ ယင်းရောဂါနှင့် စိတ်ကျရောဂါ၏ ပြင်းထန်မှုသည် အပြန်အလှန်ဆက်နွှယ်နေပါသည်။ တစ်ခါတစ်ရံ ယင်းရောဂါများအတွက် သောက်သောဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးအဖြစ်လည်း စိတ်ကျဝေဒနာကို တွေ့ရှိနိုင်ပါသည်။




### ၅။ နေ့စဉ်သက်ရှင်လှုပ်ရှားနေမှုတွင် ပုံမှန်စိတ်မချမ်းသာမှု၊ စိတ်ညစ်မှုနှင့် စိတ်ကျဝေဒနာ ဘယ်လို ကွာခြားသလဲ။

နေ့စဉ်သက်ရှင်လှုပ်ရှားနေထိုင်မှုတွင် စိတ်ညစ်နေသည့်အခါ စိတ်ကျလက္ခဏာများသည် ရံဖန်ရံခါရှိနေတတ်ပါသည်။ သို့သော် မတူညီပါ။ အဓိကကွဲလွဲမှုအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| ပုံမှန်စိတ်ကျမှု | စိတ်ကျဝေဒနာရောဂါ |
|---|---|
| (က) လက္ခဏာများမှာ အချိန်ပိုင်း၊ ရက်ပိုင်းဖြစ်ပေါ်ပြီး ပျောက်သွားပါသည်။ သို့မဟုတ် အလိုအလျောက် ပျောက်လွယ်ပါသည်။ | ရက်သတ္တနှစ်ပတ်ခန့် ဆက်တိုက်ဖြစ်ပေါ်ခံစားရပါမည်။ ရက်ပိုင်းနှင့် မပျောက်၊ အလိုအလျောက်လည်း မပျောက်လွယ်ပါ။ လျော့နည်းသက်သာမှုနှင့် တက်လိုက်ကျလိုက်ဖြစ်နိုင်သည်။ |
| (ခ) နိစ္စဓူဝ လုပ်ကိုင်နေသည့် လုပ်ငန်းများမထိခိုက်ပါ။ ထိခိုက်ပါက ခဏသာဖြစ်၍ အနည်းငယ်သာဖြစ်ပါသည်။ | နိစ္စဓူဝ လုပ်ကိုင်နေသည့်လုပ်ငန်းများ မလုပ်ချင်၊ မကိုင်ချင်၊ မလုပ်နိုင်၊ မကိုင်နိုင်ဖြစ်၍ ထိခိုက်ပါသည်။ သိသိသာသာ ထိခိုက်ပါသည်။ |
| (ဂ) အလုပ်အကိုင်တွင် သာမက မိသားစု၊ မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်များနှင့် ဆက်ဆံမှုပြဿနာ ခက်ခဲမှုမဖြစ်တတ်ပါ။ | မိသားစု၊ မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်များနှင့် မတွေ့ချင်၊ မမြင်ချင်ဖြစ်၍ ဆက်ဆံမှု ပြဿနာ အခက်အခဲများနှင့် ကြုံရပါသည်။ |
| (ဃ) အိပ်ပျော်ခြင်းတွင် ညဉ့်ဦးပိုင်း အိပ်ပျော်ရန် ခက်ခဲတတ်ပါသည်။ | ညဉ့်ဦးပိုင်း တစ်ရေးအိပ်ပျော်၍ သန်းခေါင်ကျော် အိပ်ရေးပျက်တတ်ပါသည်။ ကြက်အိပ်ကြက်နိုးဖြစ်၍ အိပ်ရေးမဝပါ။ အချို့အခြေအနေတွင် အအိပ်များခြင်း၊ အအိပ်လွန်ခြင်း ဖြစ်တတ်ပါသည်။ |
| (င) အစားအသောက် ပျက်ခြင်း၊ နည်းပါးခြင်း ခေတ္တဖြစ်တတ်ပါသည်။ များသောအားဖြင့် ကိုယ်အလေးချိန် မလျော့တတ်ပါ။ | အစားအသောက်၊ ခံတွင်းသိသာစွာပျက်၍ ကိုယ်အလေးချိန် လျော့တတ်ပါသည်။ အချို့အခြေအနေများတွင် အစားကြူးတတ်ပါသည်။ |
| (စ) စိတ်ဓာတ်ကျစေရန် အကြောင်းတရား ပြဿနာတစ်ခုခုရှိတတ်ပါသည်။ အကြောင်းတရားပြဿနာ ပြေလည်ပါက လက္ခဏာများ ပျောက်သွားပါသည်။ | အကြောင်းတရား ပြဿနာရှိရန်မလိုပါ။ တိုက်ဆိုင်မှုရှိခဲ့ပါလျှင်လည်း ပြဿနာပြေလည်သည့်တိုင် ရောဂါဝေဒနာမသက်သာပါ။ |
| (ဆ) စိတ်ညစ်လိုက်တာ၊ သေလိုက်ရင် ကောင်းမှာပဲဟုတော့ ညည်းနိုင်ပါသည်။ သို့သော် သေချင်စိတ် အမှန်တကယ်မပေါ်ပါ။ မကျူးလွန်တတ်ပါ။ | သတ်သေချင်သည့် ခံစားမှုဖြစ်ပေါ်တတ်ပါသည်။ သတ်သေရန် နည်းလမ်းစဉ်းစားခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ ကျူးလွန်ခြင်းများ လုပ်ဆောင်ပါသည်။ |

### ၆။ စိတ်ကျဝေဒနာမဖြစ်စေရန် ဘယ်လိုကာကွယ်မလဲ။

စိတ်ကျဝေဒနာမဖြစ်အောင် လုံးဝဥဿုံပြီးပြည့်စုံသည့် ကာကွယ်မှုဟူ၍ မရှိပါ။ သို့သော်လည်း အောက်ပါအချက်များကို အတိုင်းအတာတစ်ခုအထိ ကာကွယ်မှုရရှိအောင်ဆောင်ရန်၊ ရှောင်ရန်အဖြစ်

စာမျက်နှာ ၇ သို့ ❍

# UNICEF နှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ UNICEF ၏ အကူအညီပေးရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေး



**နေပြည်တော် မေ ၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် နယူးယောက်မြို့အခြေစိုက် UNICEF ဌာနချုပ်၏ Deputy Executive Director Mr. Robert Justin Alexander Forsyth အား ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNICEF နှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ၊ UNICEF ၏ အကူအညီပေးရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပြည်ပဧည့်သည်အဖွဲ့များအား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၆**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် Global Commission on Drug Policy (GCDP)ဥက္ကဋ္ဌ ဆွစ်ဇာလန်နိုင်ငံသမ္မတဟောင်း Ms. Ruth Dreifuss**(ဝဲပုံ)**အား ယနေ့ နံနက် ၁၀ နာရီတွင် လည်းကောင်း၊UNICEF ၏ Deputy Executive Director Mr. Robert Justin Alexander Forsyth အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် လည်းကောင်း နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် Global Commission on Drug Policy (GCDP)ဥက္ကဋ္ဌ ဆွစ်ဇာလန်နိုင်ငံ သမ္မတဟောင်းနှင့်တွေ့ဆုံစဉ် Global Commission on Drug Policy (GCDP)၏ ဆောင်ရွက်မှု လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

UNICEF ၏ Deputy Executive Director နှင့် တွေ့ဆုံစဉ် UNICEF ၏ မြန်မာနိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကူညီပံ့ပိုးမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲများသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် UNICEF ဌာနချုပ်မှ တာဝန်ရှိသူအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် UNICEF ၏ Deputy Executive Director Mr. Robert Justin Alexander Forsyth အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကလေးစစ်သားပပျောက်ရေးအတွက် UNICEF နှင့်ပူးပေါင်းဆောင်ရွက်နေမှု၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် တည်ငြိမ်အေးချမ်းရေးလုပ်ဆောင်နေမှု၊ ဒေသဖွံ့ဖြိုးရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နေမှုနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး UNICEF ၏ Deputy Executive Director နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Mr. Bertrant Bainvel တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကမ္ဘာ့မူးယစ်ဆေးဝါးမူဝါဒဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ဆွစ်ဇာလန်သမ္မတဟောင်းအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၆**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာ့မူးယစ်ဆေးဝါးမူဝါဒဆိုင်ရာကော်မရှင် (Global Commission on Drug Policy)၏ဥက္ကဋ္ဌ ဆွစ်ဇာလန်နိုင်ငံ သမ္မတဟောင်း Ms. Ruth Dreifuss အား ယနေ့ နံနက် ၁၁ နာရီတွင် လွှတ်တော်အဆောက်အအုံရေးရာဆောင်အမှတ်(I-1)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သုံးစွဲမှုများ ပပျောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်မည့် အခြေအနေနှင့် ဥပဒေပိုင်းမှ ဆောင်ရွက်နိုင်မည့် အခြေအနေများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

❑

○ **စာမျက်နှာ ၆ မှ**

အကြံပေးတိုက်တွန်းအပ်ပါသည်။

၁။ သောက၊ စိတ်ဖိစီးမှုကင်းဝေးအောင်၊ နည်းပါးအောင် ကြံစည်ဆောင်ရွက်ပါ။ စိတ်ဖိစီးမှုခံနိုင်ရန် မိမိကိုယ်ပိုင်ယုံကြည်မှုပြည့်မီအောင် တည်ဆောက်ပြီး စိတ်ဖိစီးမှုကို ခံနိုင်ရည်ရှိအောင်ကြိုးစားအားထုတ်ပါ။

၂။ မိသားစု၊ ဆွေမျိုး၊ မိတ်သင်္ဂဟများနှင့် လိုက်လျောညီထွေနေနိုင်အောင်ကြိုးစားပါ။ ၎င်းတို့၏ အားပေးမှု၊ ကူညီမှုသည် စိတ်ဖိစီးချိန်တွင် လွန်စွာတန်ဖိုးရှိပါသည်။

၃။ တစ်ဦးတည်း နေထိုင်မှုအကျင့် ရှောင်ကြဉ်ပါ။

၄။ အချိန်မှန်အိပ်ခြင်း၊ အိပ်ရေးဝအောင်အိပ်ခြင်း၊ အာဟာရပြည့်ဝစွာ အချိန်မှန်စားသုံးခြင်းတို့သည် ခန္ဓာကိုယ်ကျန်းမာခြင်းနှင့်အတူ စိတ်ကျန်းမာမှုကိုပါ အထောက်အကူဖြစ်စေပါသည်။

၅။ အားကစားတစ်ခုခုကိုလိုက်စားပါ။ သွက်လက်တက်ကြွစွာ နေထိုင်ရန် ကြိုးစားပါ။အနည်းဆုံးတစ်ပတ်လျှင် (၃)ကြိမ်၊ တစ်ကြိမ်လျှင် နာရီဝက်မှ တစ်နာရီ လမ်းသွက်သွက်လျှောက်ပါ။

၆။ အချိန်အားအားမထားဘဲ အချိန်ကိုတစ်စုံတစ်ခုလုပ်နေခြင်းဖြင့် ကုန်စေပါ။ ဦးနှောက်ကို အမြဲတမ်း အလုပ်ပေးထားပါ။ သို့သော် လောဘမကြီးရန်လိုပါသည်။

၇။ အလုပ်ကို အပိုင်းငယ်များခွဲ၍လုပ်ပါ။ ဦးစားပေးစနစ်ဖြင့်လုပ်ပါ။

၈။ ယုံကြည်ရာ ဘာသာတရားဖြင့် ရောင့်ရဲတင်းတိမ်အောင်ကြိုးစားနေထိုင်ပါ။ အလုပ်နှင့်ငွေကို လောဘမကြီးပါနှင့်။

၉။ အလုပ်ကို ကြိုတင်စီမံရေးဆွဲ၍လုပ်ခြင်းဖြင့် အချိန်ကိုစိတ်ဝင်စားစွာ စီမံခန့်ခွဲမှုပြုနိုင်အောင် ကြိုးစားပါ။

၁၀။ အားလပ်ချိန် အားလပ်ရက်ကို ဝါသနာပါရာ အလုပ်တစ်ခုဖြင့် ပျော်အောင်နေထိုင်ပါ။ ဥပမာ- ဂီတနားထောင်ခြင်း၊ သီချင်းဆိုခြင်း၊ TVကြည့်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးခြင်းဖြင့် စိတ်ပျော်အောင် နေထိုင်ပါ။

၁၁။ အားလပ်ရက်ဈေးဝယ်ထွက်ခြင်း၊ အပေါင်းအသင်းများနှင့် တွေ့ဆုံ၍ စားသောက်ခြင်းတို့သည်လည်း စိတ်တင်းကျပ်မှုကို လျော့နည်းစေပါသည်။

၁၂။ အရက်ကို ရှောင်နိုင်လျှင်အကောင်းဆုံးဖြစ်ပါသည်။ အရက်သောက်တတ်လျှင် စည်းကမ်းစနစ်ဖြင့် ထိန်းသိမ်းသောက်တတ်အောင် ကျင့်ပါ။ အရက်သည် စိတ်ကျခြင်းကိုဖြစ်စေကြောင်း သတိပြုပါ။

၁၃။ မူးယစ်ဆေးဝါးမှန်သမျှ လုံးဝရှောင်ကြဉ်ပါ။

၁၄။ လက်တွေ့ကျ၍ ဖြစ်နိုင်ခြေရှိသော မျှော်မှန်းချက်များကို ထားပါ။ လုပ်ပါ။

၁၅။ ကွမ်း၊ ဆေးလိပ်၊ အရက်နှင့်မူးယစ်ဆေးဝါးတို့ ကြာရှည်သုံးစွဲလျှင် ပြင်းထန်သော ခန္ဓာကိုယ်ရောဂါများဖြစ်ရာမှ စိတ်ကျဝေဒနာပါ ပူးတွဲ ဖြစ်လာတတ်ပါသည်။

**၇။ စိတ်ကျဝေဒနာ သံသယဖြစ်လျှင် ဘာလုပ်ရမလဲ။**

ဖော်ပြပါလက္ခဏာတစ်ခုခုကိုနှစ်ပတ်ကျော်ခံစားနေရလျှင် (သို့မဟုတ်) ခန္ဓာကိုယ်အနှံ့အပြား လက္ခဏာမျိုးစုံ ခံစားနေရသော်လည်း သွေးစစ်ခြင်း၊ ဓာတ်မှန်ရိုက်ခြင်းစသည့် စစ်ဆေးခြင်းနည်းများဖြင့် ရောဂါရှာဖွေမတွေ့ရှိလျှင် စိတ်ကျန်းမာရေးဆရာဝန်နှင့် တိုင်ပင်ဆွေးနွေးပါ။ မိမိ မိသားစု၊ ချစ်သောသူငယ်ချင်း၊ မိတ်ဆွေများအား ဖွင့်ပြော၍ အကြံရယူရန် မရှက်မကြောက်ပါနှင့်။

**စိတ်ကျဝေဒနာ ကင်းဝေးကြပါစေ။ ။**

❂ ကျောဖုံးမှ

အစဉ်အလေးထား တိုက်တွန်းလျက်ရှိပါကြောင်း။

**ဟန်ချက်ညီစွာကြိုးပမ်း**

ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆောင်ရွက်မှုများ၊ ပထမ တစ်နှစ်တာကာလအတွင်း အိမ်နီးချင်းနိုင်ငံများ၊ အစဉ်အလာအရ ခင်မင်ရင်းနှီးမှုရှိခဲ့သည့် နိုင်ငံများ၊ ဒီမိုကရေစီအရေးကို အားပေးထောက်ခံသည့် ဖွံ့ဖြိုးရေးမိတ်ဖက်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုကို ဟန်ချက်ညီစွာ တည်ဆောက်နိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်နှစ်တာကာလအတွင်း နိုင်ငံတော်သမ္မတအနေဖြင့် လာအို၊ အိန္ဒိယ၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတသည် ရုရှားနိုင်ငံ၌ ကျင်းပသည့် အာဆီယံ-ရုရှား ဆက်ဆံရေးနှစ်(၆၀)ပြည့် အခမ်းအနား၊ မွန်ဂိုလီးယားနိုင်ငံ၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးတို့ကို တက်ရောက်ခဲ့သည့်အပြင် အိမ်နီးချင်းထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ကွယ်လွန်မှုအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုးမှု အခမ်းအနားကို တက်ရောက်ခဲ့ပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ထိုင်း၊ တရုတ်၊ ဗြိတိန်နှင့် အမေရိကန်၊ အိန္ဒိယ၊ ဂျပန်နှင့် စင်ကာပူနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပါကြောင်း။

အမေရိကန်ပြည်ထောင်စု၌ (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၊ အိန္ဒိယနိုင်ငံ၌ BRICS-BIMSTEC ထိပ်သီးအစည်းအဝေး၊ လာအိုနိုင်ငံ၌ (၂၈) ကြိမ်မြောက်နှင့် (၂၉)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတို့သို့ တက်ရောက်ခဲ့ပါကြောင်း။

**သံတမန်ဆက်သွယ်မှု**

အစိုးရသစ်လက်ထက်တွင် ဂီနီ၊ အီကွေဒေါ၊ ဆေးရှဲလ်၊ လိုက်ဘေးရီးယား၊ ဗာတီကန်၊ မော်လ်တာနှင့် မာရှယ်ကျွန်းစုစသည့် နိုင်ငံ ခုနစ်နိုင်ငံနှင့် သံတမန် အဆက်အသွယ် ထူထောင်ရန် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှ သဘောတူပြီးဖြစ်၍ မြန်မာနိုင်ငံနှင့် သံတမန်ဆက်သွယ်မှုရှိသည့် နိုင်ငံပေါင်း ၁၂၁ နိုင်ငံအထိရှိလာမည် ဖြစ်ပါကြောင်း။

**လွတ်လပ်ခွင့်အရှိဆုံး**

ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ မြန်မာ-အာဆီယံကဏ္ဍ၌ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအတွင်း နိုင်ငံရေးနှင့် သတင်းမီဒီယာ လွတ်လပ်ခွင့်အရှိဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်လာခဲ့ပါကြောင်း၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ရန်ကုန်မြို့၌ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ရခိုင်ပြည်နယ်အခြေအနေကို ရှင်းလင်းပြောကြားနိုင်ခဲ့ပါကြောင်း။

အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ အပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများက ပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကိုလည်း သံတမန်လမ်းကြောင်းမှတစ်ဆင့်ညှိနှိုင်း၍ တရားဝင် လက်ခံရယူနိုင်ခဲ့ပါကြောင်း။

**အေဆမ်အစည်းအဝေးအိမ်ရှင်**

အခြားဒေသတွင်း အဖွဲ့အစည်းများနှင့်လည်း အိန္ဒိယသမုဒ္ဒရာ ကမ်းခြေရပ်ဝန်းနိုင်ငံများအသင်း (India Ocean Rim Association)၌ ယခုနှစ်တွင် ပထမဆုံးအကြိမ် လေ့လာသူအဖြစ် တက်ရောက်ခဲ့ပြီး အဖွဲ့ဝင်အဖြစ် ပါဝင်ရေးကို စတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံ-ဩစတြေးလျဖိုရမ်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါကြောင်း၊ အာရှ-ဥရောပ အစည်းအဝေးအဖွဲ့တွင် မြန်မာနိုင်ငံက အာဆီယံညှိနှိုင်းရေးမှူးအဖြစ် တာဝန်ယူလျက်ရှိပြီး ယခုနှစ်အတွင်း အဖွဲ့ဝင် (၅၃)နိုင်ငံ ပါဝင်တက်ရောက်မည့် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည် ဖြစ်ပါကြောင်း။

**အဆုံးသတ်နိုင်ခဲ့**

ကုလသမဂ္ဂ အခန်းကဏ္ဍ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်၍ မူဝါဒရေးရာ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပြီး အထူးခြားဆုံးအောင်မြင်မှုတစ်ရပ်မှာ ၁၉၉၁ ခုနှစ်မှစ၍ ကုလသမဂ္ဂအထွေထွေညီလာခံ၊ တတိယကော်မတီတွင် အီးယူမှ နှစ်စဉ်တင်သွင်းနေသည့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အဆို



**ဦးကျော်ဇေယျ**
**အမြဲတမ်းအတွင်းဝန်**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

မူကြမ်းအား ၂၀၁၆ ခုနှစ် (၇၁)ကြိမ်မြောက် အထွေထွေညီလာခံမှစတင်၍ ဆက်လက်တင်သွင်းခြင်းမပြုဘဲ အဆုံးသတ်နိုင်ခဲ့ပါကြောင်း။

နိုင်ငံတကာ ကွန်ဗင်းရှင်းနှင့်စာချုပ်များဖြစ်သည့် နျူကလီးယားလက်နက် စမ်းသပ်ဖောက်ခွဲမှု အလုံးစုံတားဆီးပိတ်ပင်ရေးစာချုပ် (Convention on Nuclear Test Ban Treaty- CTBT)၊ နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးပဋိညာဉ် (Convention on Nuclear Safety-CNS)နှင့် နျူကလီးယားဒြပ်ပစ္စည်းနှင့် နျူကလီးယား အဆောက်အအုံများအား ရုပ်ပိုင်းဆိုင်ရာ အကာအကွယ်ပြုမှုပဋိညာဉ် (Convention on the Physical Protection of Nuclear Material-CPPNM) တို့ကို အတည်ပြုပါဝင်နိုင်ခဲ့ပါကြောင်း။

**ကြံ့ကြံ့ခံရပ်တည်**

ရခိုင်ပြည်နယ် အရေးကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ရပ်တည်ချက်မှာ ပြဿနာကို ဖြေရှင်းနိုင်ရန် အစိုးရ၏ကြိုးပမ်းနေမှုများအပေါ် အပြုသဘောကူညီမှုမဟုတ်ဘဲ ပိုမိုရှုပ်ထွေးလာအောင် စွက်ဖက်သည့် ပုံစံများဖြင့် ဖိအားပေးမှုကဲ့သို့သော မလိုလားအပ်သည့် အခြေအနေများကို ကာကွယ်တားဆီးရေးအတွက် နိုင်ငံတကာမျက်နှာစာတွင် မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက် သံတမန်နည်းလမ်းဖြင့် ကြံ့ကြံ့ခံရပ်တည်လျက် ကြိုးပမ်းဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

**နယ်နိမိတ်အမှတ်အသား**

နယ်နိမိတ်ရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ထိုင်းနိုင်ငံခရီးစဉ်အတွင်း မြန်မာ-ထိုင်း နယ်နိမိတ် တိုင်းတာရေးကိစ္စကို ဆောလျင်စွာ စတင်ဆောင်ရွက်ရန် နှစ်ဖက်သဘောတူညီမှု ရရှိခဲ့ပါကြောင်း၊ မြန်မာ-ထိုင်း နယ်နိမိတ်ရှိ မြေထိန်းနံရံများ ဆောက်လုပ်ရာတွင် နှစ်ဖက်လိုက်နာရမည့် စည်းကမ်းများ ချမှတ်နိုင်ခဲ့ပါကြောင်း၊ မြန်မာ-အိန္ဒိယ နယ်နိမိတ်မျဉ်းကြောင်းသွယ်တန်းမှု ရှင်းလင်းထင်ရှားစေရန် ဆောင်ရွက်ခြင်းနှင့် မြန်မာ-လာအို နယ်စပ်ချစ်ကြည်ရေးတံတားပေါ်တွင် အချုပ်အခြာအာဏာပိုင်ဆိုင်မှု ရှင်းလင်းထင်ရှားစေရန် နယ်နိမိတ်အမှတ်အသား မြှုပ်နှံခဲ့ပါကြောင်း။

**ဗီဇာသက်တမ်းတိုးမြှင့်ခဲ့**

ပြည်ပရောက် မြန်မာနိုင်ငံသားများ အကျိုးအတွက် ထူးခြားသော ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အကျိုးခံစားခွင့်များ အပြည့်အဝရရှိရေး၊ ထိုင်းနိုင်ငံရောက် မြန်မာဒုက္ခသည်များအနက် မိမိဆန္ဒဖြင့် နေရပ်ပြန်လိုသူများအား ပြန်လည်ပို့ဆောင်ပေးခြင်း၊ စင်ကာပူနိုင်ငံရောက် မြန်မာအိမ်ထောင်မှုအကူအပုံ့များအား ကူညီစောင့်ရှောက်မှုပေးခြင်း၊ ထိန်းသိမ်းရေးစခန်းများမှ မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်နိုင်ခြင်းများ၊ အမည်မည်းစာရင်း ဖြေလျှော့မှုနှင့် လူမှုရေးဗီဇာများ နေထိုင်ရက်သက်တမ်းတိုးမြှင့်ပေးခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

**နိုင်ငံတကာနားလည်မှုရှိစေရေး**

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ချစ်ကြည်ရေးခရီးစဉ်များ တိုးမြှင့်သွားရောက်ခြင်း၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအကြား ပိုမိုတက်ကြွစွာ ပါဝင်၍ ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားရန်၊ နိုင်ငံတကာမှ ရန်ပုံငွေများ၊ နည်းပညာများ၊ ကူညီမှုများ



**ဦးရဲနိုင်**
**အမြဲတမ်းအတွင်းဝန်**
**နယ်စပ်ရေးရာဝန်ကြီးဌာန**

တိုးမြှင့်ရရှိရေး၊ ပြည်သူများအား အကျိုးပြုစေမည့် နိုင်ငံရပ်ခြားမှ တာဝန်သိသည့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိစေရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးတို့အပြင် ရခိုင်ပြည်နယ်ပြဿနာများအား ရေရှည်တည်တံ့မည့် ဖြေရှင်းမှုတစ်ရပ်ရရှိရေးအတွက် မိမိတို့ချမှတ်ထားသည့် လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်သွားရေးနှင့် နိုင်ငံတကာမှ နားလည်မှုရရှိစေရေးအတွက် သံတမန်နည်းလမ်းအရ ထိတွေ့ကြိုးပမ်းဆောင်ရွက်သွားရန်၊ ပြည်ပရောက် မြန်မာနိုင်ငံသားများနှင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေးကိစ္စများကို ပိုမိုထိရောက်စွာ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့အတူ ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ လူ့စွမ်းအားအရင်းအမြစ်နှင့် ကျွမ်းကျင်မှုများကို နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အသုံးချနိုင်ရန် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရန်၊ နိုင်ငံအား ကိုယ်စားပြုမည့် သံတမန်များ၏ အရည်အချင်းနှင့် စွမ်းဆောင်ရည်များအား မြှင့်တင်နိုင်ရန်အတွက် လေ့ကျင့်မှုများကိုလည်း စနစ်တကျ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်က ဝန်ကြီးဌာနသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသများတွင် အဓိကလိုအပ်နေသည့် အခြေခံအဆောက်အအုံလုပ်ငန်းများဖြစ်သည့် လမ်းနှင့်တံတားလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများ၊ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ၊ ရွှေ့ပြောင်းဒုက္ခသည်များ၏ စားဝတ်နေရေး ကိစ္စရပ်များနှင့် ငြိမ်းချမ်းရေးအထောက်အကူပြု တည်ဆောက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**အလုပ်ရရှိရေးဆောင်ရွက်လျက်ရှိ**

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသနေ တိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၄ ကျောင်း၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၄၈ ကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ကိုးကျောင်းတို့ကို ဖွင့်လှစ်လေ့ကျင့် သင်ကြားပေးပြီး သင်တန်းဆင်းသည်နှင့်တစ်ပြိုင်နက် အလုပ်အကိုင်ရရှိရေးကိုပါ တစ်ပါတည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

**တိုင်းရင်းသူပါ လက်ခံသင်ကြား**

ထို့ပြင် တစ်နှစ်တာကာလအတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန၏ ထူးခြားဆောင်ရွက်ချက်များမှာ ကချင်ပြည်နယ် မြောက်ပိုင်းဒေသရှိ ပူတာအို-ခေါင်လန်ဖူးလမ်း၊ မဝွေဇမှ ခေါင်လန်ဖူးအထိ ၆၅ မိုင် ဖောက်လုပ်ခြင်း၊ ဒေသအသီးသီးတွင် ရေကန်များ တူးဖော်ပေးခြင်း၊



**ဦးထိန်လွင်**
**အမြဲတမ်းအတွင်းဝန်**
**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

စိမ့်စမ်းရေသွယ်ယူခြင်း၊ စက်တူးတွင်းနှင့် လက်တူးတွင်းများ တူးဖော်ပေးခြင်း၊ ငြိမ်းချမ်းရေးအထောက်အကူပြု တည်ဆောက်ရေးနှင့် စားနပ်ရိက္ခာထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ နယ်စပ်ဒေသရှိ ဆင်းရဲနွမ်းပါးတိုင်းရင်းသားများအတွက် စားနပ်ရိက္ခာထောက်ပံ့ခြင်း၊ ရခိုင်ပြည်နယ်ရှိ IDP များအတွက် လူသားချင်းစာနာသော အထောက်အပံ့များ ထောက်ပံ့ခြင်း၊ အိန္ဒိယနိုင်ငံ၏ကူညီထောက်ပံ့မှုဖြင့် ချင်းပြည်နယ်နှင့် နာဂဒေသများ၌ လမ်း၊ တံတား၊ စာသင်ကျောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ တည်ဆောက်ပေးခြင်း၊ ကချင်၊ ကယား၊ ကရင်၊ မွန်၊ ရခိုင်၊ ပလောင်နှင့် ဓနုတိုင်းရင်းသား၊ တိုင်းရင်းသူများကို နေပြည်တော်နှင့် ပတ်ဝန်းကျင် လေ့လာရေးခရီးများ စီစဉ်ဆောင်ရွက်ပေးခြင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်တွင် ယခင်တိုင်းရင်းသား လူငယ်များကိုသာ လက်ခံသင်ကြားပေးခဲ့ရာမှ ယခုနှစ်တွင် တိုင်းရင်းသူ ၅၃ ဦးကို စတင်လက်ခံသင်ကြားပေးခြင်းများ ဖြစ်ပါကြောင်း။

**ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး**

ခွင့်ပြုရန်ပုံငွေများဖြင့် သာမက နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများဖြင့်လည်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရာ တစ်နှစ်တာကာလအတွင်း နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုစီမံကိန်း ငါးခု၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း သုံးခု၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်း ကိုးခု၊ စုစုပေါင်းစီမံကိန်း ၁၇ ဖြင့် နယ်စပ်ဒေသများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ဘိန်းစိုက်ပျိုးမှုပပျောက်ရေး၊ မိသားစုများဝင်ငွေတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးစသည့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

**အိမ်တိုင်ရာရောက် ဖြန့်ဖြူးရေး**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထိန်လွင်က ပြည်သူများအား လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်ရန် အဓိကရည်ရွယ်၍ ကဏ္ဍသုံးခုခွဲကာ ဆောင်ရွက်နေပါကြောင်း၊ ပထမကဏ္ဍမှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးဖြစ်ပြီး လျှပ်စစ်ဓာတ်အားသုံးစွဲမည့် ဓာတ်အားများ ရရှိရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းနေပါကြောင်း၊ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ရာတွင် အချို့ကို ဝေးလံသောဒေသများ ထုတ်လုပ်ရသည့်အပြင် အချို့ကို နီးစပ်ရာဒေသများတွင် ထုတ်လုပ်ရပါကြောင်း။ ဒုတိယကဏ္ဍမှာ ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားများကို ပို့လွှတ်ရေးအတွက် စီမံကိန်းများကိုလည်း ဆောင်ရွက်ရပါကြောင်း၊ တတိယကဏ္ဍမှာ ပြည်သူများ၏ အိမ်တိုင်ရာရောက် လျှပ်စစ်သွယ်တန်းပေးရန် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းကို ဆောင်ရွက်နေပါကြောင်း။

**ကဏ္ဍသုံးခုဟန်ချက်ညီ**

အိမ်တစ်အိမ် သို့မဟုတ် လုပ်ငန်းများသို့ လျှပ်စစ်ဓာတ်အားရောက်ရှိရန်အတွက် ဓာတ်အားထုတ်လုပ်မှု အပိုင်းမရှိဘဲ ဓာတ်အားပေး၍ မရပါကြောင်း၊ ပို့လွှတ်ရေး အပိုင်းမရှိဘဲ ဓာတ်အားသည် ပြည်သူများထံရောက်ရှိမည် မဟုတ်ပါကြောင်း၊ ထို့အတူ ဓာတ်အားဖြန့်ဖြူးရေးဆိုသည့် အိမ်တိုင်ရာရောက် ဓာတ်အားဖြန့်ဖြူးရေးမရှိဘဲ လျှပ်စစ်သုံးစွဲ

**စာမျက်နှာ ၉ သို့ ❍**

# ပြည်တွင်းရေးရာ

○ စာမျက်နှာ ၈ မှ

၍မရပါကြောင်း၊ ထို့ကြောင့်အဆိုပါကဏ္ဍသုံးခု ဟန်ချက်ညီ တိုးတက်ရန် ဝန်ကြီးဌာနမှ ဆောင်ရွက်နေပါကြောင်း။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအပိုင်းအနေဖြင့် တစ်နှစ်တာ ကာလအတွင်း လျှပ်စစ်ဓာတ်အား ၃၀၁ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ ၎င်းတို့မှာ မွန်ပြည်နယ် မော်လမြိုင်မြို့၌ ပုဂ္ဂလိက စွန့်ပစ်အပူသုံး ဓာတ်အားပေး စက်ရုံမှ ၇၈ မဂ္ဂါဝပ်၊ ရန်ကုန်တိုင်းဒေသကြီး သီလဝါ၌ ဂတ်စ်တာဘိုင်များမှ မဂ္ဂါဝပ် ၅၀ ၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ ရွှေသဘာဝဓာတ်ငွေ့ကို အသုံးပြု၍ ဂတ်စ်အင်ဂျင်ဖြင့် ၁၃၃ မဂ္ဂါဝပ်၊ မြစ်သာရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ မဂ္ဂါဝပ် ၄၀ ခန့် ထုတ်လုပ်နိုင်ခဲ့ပါကြောင်း။

## ၅၄၁ မိုင်နှင့် ၄၅၁ ရုံ

ဓာတ်အားပို့လွှတ်ရေးအပိုင်းတွင် ၂၃၀ ကေဗွီနှင့် ၆၆ ကေဗွီဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကို တည်ဆောက်ရပါကြောင်း၊ တစ်နှစ်တာကာလအတွင်း ၂၃၀ ကေဗွီ နှင့် ၆၆ ကေဗွီ ဓာတ်အားလိုင်း မိုင်ပေါင်း ၅၄၁ မိုင် နှင့် ဓာတ်အားခွဲရုံကြီး ၁၈ ရုံကို တည်ဆောက် ခဲ့ပါကြောင်း၊ ထို့ပြင် ၃၃/၁၁ (၄၀၀ ဗို့) ဓာတ်အား ဖြန့်ဖြူးရေး လိုင်း ၅၄၁ မိုင်နှင့် ဓာတ်အားခွဲရုံပေါင်း ၄၅၁ ရုံ တည်ဆောက်နိုင်ခဲ့ပါကြောင်း။

## ပိုမိုစိတ်ချရသည့် ဓာတ်အား

ဓာတ်အားဖြန့်ဖြူးရေးအပိုင်းတွင် တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၈ သန်းခန့်ရှိပြီး ၂၀၁၆ ခုနှစ်တွင် အိမ်ထောင်စုပေါင်း ၃ ဒသမ ၇ သန်း လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ပါကြောင်း၊ တစ်နှစ်တာကာလအတွင်းမှာ အိမ်ထောင်စုပေါင်း ၃၈၀၀၀၀ လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးနိုင်သည့်အတွက် အိမ်ထောင်စုပေါင်း ၄၀၈၀၀၀၀ ထိ တိုးတက်လာပါကြောင်း၊ ထိုသို့ လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်သည့်အတွက် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လျှပ်စစ်ဓာတ်အားပိုမိုရရှိလာပါကြောင်း၊ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်သုံးစွဲခဲ့သည့်အတွက် ထင်သာ မြင်သာရလဒ်မှာ အိမ်ထောင်စုဦးရေ အနေဖြင့် တိုးမရသော်လည်း ဓာတ်အားစနစ်သည် ပိုမိုတောင့်တင်းခိုင်မာ၍ ပိုမိုစိတ်ချရသည့် ဓာတ်အားရရှိမည်ဖြစ်ပါကြောင်း။

## ရေနံဓာတ်ငွေ့ရည်

စွမ်းအင်ကဏ္ဍတစ်နှစ်တာ ကာလအတွင်း ရေနံတွင်းများကို ကုန်းတွင်းလုပ်ကွက် ၁၂ တွင်းနှင့် ကမ်းလွန်လုပ်ကွက် ၃၆ တွင်း ထပ်မံတူးဖော်နိုင်ခဲ့ပါကြောင်း၊ ထို့အတူ ဓာတ်ဆီအစားထိုးဖြင့် မောင်းနှင်သော မော်တော်ယာဉ် ၁၄၃ စီး CNG မော်တော်ယာဉ်များအဖြစ် ပြောင်းလဲပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ရေနံဓာတ်ငွေ့ရည် (LPG)အား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန် ရည်ရွယ်၍ အရောင်းဆိုင်များကို စနစ်တကျ လိုင်စင်ထုတ်ပေးခဲ့ပါကြောင်း၊ လိုင်စင် ငါးမျိုးရှိသည့်အနက် ဆိုင်များ၊ အိမ်များနှင့် တိုက်ခန်းများတွင် အသုံးပြုရန် (င)လိုင်စင် အမျိုးအစားအတွက် စုစုပေါင်း ၄၆၈ ခုနှင့် ဂတ်စ်အိုးများဖြင့် သိုလှောင်ဖြန့်ဖြူးပေးရန် (ဃ)လိုင်စင် အမျိုးအစားအတွက် စုစုပေါင်း ၂၀၁ ခု ထုတ်ပေးခဲ့ပါကြောင်း၊ ပြည်သူများအနေဖြင့် မီးဖိုချောင်သုံး ရေနံဓာတ်ငွေ့ရည်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

## စက်သုံးဆီရောင်းချခွင့်လိုင်စင်

ထို့ပြင် လေယာဉ်ဆီဖြန့်ဖြူးရေးအတွက် နိုင်ငံခြားကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းပြီး လေယာဉ်ကွင်း ၁၁ ကွင်း၌ လေယာဉ်ဆီတင်သွင်း ဖြန့်ဖြူးသည့်လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒေသအတွင်း စွမ်းအင်ဖူလုံရေးအတွက် ပုဂ္ဂလိက ရေနံချက်ဖိုငယ်များကို ခွင့်ပြုခဲ့ပါကြောင်း၊ အဆိုပါ ရေနံချက်ဖိုများအား သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များနှင့် ညှိနှိုင်း၍ စုစုပေါင်း ၁၅၆ ဦးကို လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်များကို ယခုနှစ်အတွင်း အခမဲ့ထုတ်ပေးခဲ့ပါကြောင်း၊ အလားတူ စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့် လိုင်စင်အား စနစ်တကျ ခွင့်ပြုပေးခဲ့ရာ ယခုနှစ်အတွင်း ဆိုင်ပေါင်း ၂၅၆ ဆိုင်ကို လိုင်စင်ခွင့်ပြုပေးနိုင်ခဲ့ပါကြောင်း။

## master plan ရေးဆွဲခဲ့

လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ အနေဖြင့် စိန်ခေါ်မှုများရှိပါကြောင်း၊ ပြည်သူလူထုကို လျှပ်စစ်တိုးတက် ဖြန့်ဖြူးပေးနိုင်ရေးအတွက် လျှပ်စစ်ကဏ္ဍတွင် ထုတ်လုပ်ရေး၊ ပို့လွှတ်ရေးနှင့် ဖြန့်ဖြူးရေးအပိုင်းတို့အနက် ထုတ်လုပ်ရေး အပိုင်းသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ ထုတ်လုပ်မှု မရှိဘဲ ပြည်သူများက နှစ်စဉ် ၂၅ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အားကို သုံးစွဲနေပါကြောင်း၊ တိုးတက်လာသည့် လျှပ်စစ်ဓာတ်အား ပမာဏကို ဝန်ကြီးဌာနအနေဖြင့် JICA နှင့်ပူးပေါင်း၍ National Electrification Master Plan ရေးဆွဲခဲ့ပါကြောင်း၊ ထိုသို့ရေးဆွဲရခြင်းသည် လျှပ်စစ်ဓာတ်အားလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရန် ဖြစ်ပါကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံများအနေဖြင့် အပူစွမ်းအင် သို့မဟုတ် ရေအားတစ်မျိုးတည်း ထုတ်ယူအသုံးပြု၍ မရသည့်အတွက် ထုတ်လုပ်ရေးအပိုင်းတွင် စနစ်တကျ ရေးဆွဲရပါကြောင်း၊ သို့မှသာ မိမိတို့အနေဖြင့် နှစ်စဉ် တိုးတက်လာသည့် ပြည်သူများ၏ လျှပ်စစ်ဓာတ်အား သုံးစွဲမှုဖြည့်ဆည်းပေးနိုင်ရန် ယခုကဲ့သို့ စီမံကိန်းများကို ရေးဆွဲခဲ့ရခြင်းဖြစ်ပါကြောင်း စသည်ဖြင့် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးနှင့် စွမ်းအင်ကဏ္ဍပြုပြင်ပြောင်းလဲမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သတင်းထောက်များ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ဖြေကြားကြသည်။

## ကတိကဝတ်များရရှိခဲ့

**နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် တစ်နှစ်တာအတွင်း မြန်မာနိုင်ငံအတွက် အခြားသော အကျိုးအမြတ်များ ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျက မိမိတို့ဘာတွေဆောင်ရွက်ခဲ့သည် ဆိုသည်ကို ချပြခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံခြားဆက်ဆံရေးနှင့်ပတ်သက်၍ ချဉ်းကပ်မှုပုံစံအသစ်ဖြင့် နိုင်ငံတကာဆက်ဆံရေးကို မြှင့်တင်ခဲ့ပါကြောင်း၊ ခရီးစဉ်များသွားသည့်အခါတွင် မိမိတို့နှင့်ဆက်ဆံနေသည့် နိုင်ငံများက အားပေးထောက်ခံမှုများကို ပိုမိုမြှင့်တင်နိုင်ခဲ့ပါကြောင်း၊ ကူညီဆောင်ရွက်ရေး ကတိကဝတ်များလည်း ရရှိခဲ့ပါကြောင်း။

## ထူးခြားသော အောင်မြင်မှု

ထူးခြားမှုတစ်ခုအနေဖြင့် ဥရောပသမဂ္ဂမှ ၂၅ နှစ်လုံးလုံး မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်သည့် အဆိုမူကြမ်းတင်သွင်းခြင်းအား အဆုံးသတ်နိုင်ခဲ့ခြင်းသည် တစ်နှစ်တာဆောင်ရွက်မှု၏ ထူးခြားသော အောင်မြင်မှုအဖြစ် ပြောကြားလိုပါကြောင်း၊ ထို့အတူ နိုင်ငံအကြီးအကဲများ၏ ခရီးစဉ်များ၌ အပြန်အလှန် နားလည်မှုများမြှင့်တင်နိုင်သည့်အတွက် မိမိတို့နိုင်ငံအတွက် ထူးခြားသော အောင်မြင်မှုဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## အလျှော့ပေး၍ မရ

ဆက်လက်၍ **နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံခြားရေး မူဝါဒကို အနာဂတ်တွင် ဘယ်လိုရပ်တည်ဆောင်ရွက်သွားမလဲ** မေးခွန်းနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျက ရခိုင်ပြည်နယ် တိုက်ခိုက်မှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ သတင်းစာဆရာများနှင့် နိုင်ငံတကာမီဒီယာများက အောက်တိုဘာလ ဖြစ်စဉ်ကို အဓိကထားပြောကြားကြပါကြောင်း၊ သို့ရာတွင် ဖြစ်စဉ်များသည် အောက်တိုဘာလ သာမက နိုဝင်ဘာလအထိ ဆက်လက်ဖြစ်ပွားခဲ့ပါကြောင်း၊ ယခုဖြစ်စဉ်များသည် မိမိတို့နိုင်ငံ၏ရပ်တည်မှုနှင့် လုံခြုံရေးကို ထိပါးမှုဟု ပြောကြားလိုပါကြောင်း၊ အဆိုပါကိစ္စကို မိမိတို့အနေဖြင့် မည်သည့်အကြောင်းနှင့်မျှ အလျှော့ပေး၍ မရပါကြောင်း။

## ပိုမိုမြှင့်တင်သွားမည်

ယင်းကိစ္စနှင့်စပ်လျဉ်းပြီး ကုလသမဂ္ဂတွင် ဥရောပသမဂ္ဂမှ လူ့အခွင့်အရေးကောင်စီ၌ Resolution တင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ မိမိတို့၏ သဘောထားရပ်တည်ချက်ကို တိတိကျကျ ပြောကြားထားပါကြောင်း၊ အပြုသဘောဆောင်သည့် ထိတွေ့မှုများ ပြုလုပ်သွားမည် ဖြစ်သော်လည်း မိမိနိုင်ငံ၏ ပြည်တွင်းလုံခြုံရေး မတည်ငြိမ်မှုများကို ထိပါးခဲ့ပါက အလျှော့ပေးသွားမည် မဟုတ်ပါကြောင်း၊ ထို့ပြင် မိမိနိုင်ငံ အပေါ် နားလည်သည့် နိုင်ငံများနှင့် ထိတွေ့မှု ပိုမိုမြှင့်တင်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## စွမ်းဆောင်နိုင်မှုအဓိကထား

ထို့ပြင် **ယခင်အစိုးရလက်ထက် နိုင်ငံခြားရေးဝန်ကြီးဌာန၌ သံအမတ်များ ခန့်အပ်ရာတွင် တပ်မတော်မှ အရာရှိဟောင်းများ ပါဝင်နေခြင်းနှင့်ပတ်သက်၍ ယခုအစိုးရလက်ထက်တွင် ပြောင်းလဲရန် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျက သံအမတ်ကြီးများ ခန့်အပ်ခြင်းကို နိုင်ငံတော်အဆင့် အကြီးအကဲများက ဆုံးဖြတ်ပါကြောင်း၊ သံအမတ်ကြီးများ ခန့်အပ်ရာ၌ ၎င်းတို့၏ စွမ်းဆောင်နိုင်မှုကို အဓိကထားပါကြောင်း၊ စွမ်းဆောင်နိုင်မှုတွင် မိမိနိုင်ငံသားများအား ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သည့် အပိုင်းများပါဝင်ပါကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ ဆောင်ရွက်နိုင်မှု အနေအထားအပေါ် မူတည်၍ ဆုံးဖြတ်ဆောင်ရွက်သည့် အနေအထားမျိုးရှိပါကြောင်း ဖြေကြားသည်။

## တက်ညီလက်ညီ

ယင်းနောက် **မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေနှင့် သံတမန်ရေးရာ အောင်မြင်မှု** မေးခွန်းနှင့်စပ်လျဉ်း၍ အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးများကို ဦးစားပေး ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် သံအမတ်ကြီးများ၏ ဆောင်ရွက်ချက်များသည် တက်ညီလက်ညီ ဝိုင်းဝန်းလုပ်ဆောင်မှုကြောင့် အောင်မြင်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ **မြန်မာနိုင်ငံ မြောက်ပိုင်းဒေသ တိုက်ပွဲများတွင် သံတမန်ရေးရာ ဖြစ်စဉ်များ ဆောင်ရွက်မှုဆိုင်ရာ** မေးခွန်းနှင့်စပ်လျဉ်း၍ ယခုဖြစ်စဉ်၌ မိမိနိုင်ငံမှ တစ်ဖက်သို့ ထွက်ပြေးခိုလှုံမှုများရှိပါကြောင်း၊ ထို့အတွက် ထွက်ပြေးတိမ်းရှောင်နေသော ဒုက္ခသည်များနှင့်ပတ်သက်ပြီး ဝန်ထုပ်ဝန်ပိုးများ ရှိပါကြောင်း၊ မိမိတို့ဌာနအနေဖြင့် ပုံမှန်ထိတွေ့မှု ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် တိုက်ရိုက်သက်ဆိုင်မှုမရှိသော်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများမှ လိုအပ်ချက်များရှိပါကလည်း ပါဝင်ကူညီဆောင်ရွက်ပေးမှုများရှိပါကြောင်း ဖြေကြားသည်။

## စိန်ခေါ်မှုတစ်ရပ်

နယ်စပ်ရေးရာဝန်ကြီးဌာန၏ **တစ်နှစ်တာ ကာလအတွင်း စိန်ခေါ်မှုများအား သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်က မိမိတို့ဝန်ကြီးဌာနသည် နယ်စပ်ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်ဖြစ်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးရခြင်းဖြစ်၍ လုပ်ငန်းများအားလုံးအပေါ် ကျေနပ်ပါကြောင်း၊ ဌာန၏စိန်ခေါ်မှုနှင့်ပတ်သက်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေးသည် ဌာန၏စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း ဖြေကြားသည်။ ဆက်လက်၍ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးထိန်လွင်က ပြန်လည်ဖြေကြားသည်။

## ဘီလီယံ ၃၀ အကုန်အကျခံ

**ရန်ကုန်မြို့မီးလင်းရေးအတွက် ငွေကျပ်ဘီလီယံ ၃၀ သုံးစွဲမှုဆိုင်ရာ** မေးခွန်းနှင့် စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန်က ရန်ကုန်မြို့ မီးလင်းရေးအတွက် ငွေကျပ်ဘီလီယံ ၃၀ အကုန်အကျခံ ဆောင်ရွက်သည့် စီမံကိန်းပါ လျှပ်စစ်ဓာတ်အားပေးစက်သည် သဘာဝဓာတ်ငွေ့နှင့် ဒီဇယ်လောင်စာနှစ်မျိုး အသုံးပြု၍မောင်းနှင်ရပြီး ၂၅ မဂ္ဂါဝပ် ထွက်ရှိမည်ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားလိုအပ်ချက် အပြည့်အဝပေးနိုင်ရန် ၂၅ မဂ္ဂါဝပ်သည် တစ်စိတ်တစ်ဒေသသာ ဖြစ်ပါကြောင်း၊ အဓိကအားဖြင့် နွေရာသီ၌ အကြောင်းအမျိုးမျိုးကြောင့် ဓာတ်အားလိုအပ်ချက်ဖြစ်ပေါ်သည့် နေရာများကို ဖြည့်ဆည်းပေးနိုင်ရန်ဖြစ်ပါကြောင်း၊ အဆိုပါစက်ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

## ကမ်းလွန်လုပ်ကွက်

**၂၀၁၇ ခုနှစ်အတွင်း စွမ်းအင်ကဏ္ဍဆိုင်ရာ ကမ်းလွန်လုပ်ကွက်များ တင်ဒါခေါ်ယူမှုဆိုင်ရာ** မေးခွန်းနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန်က ကမ်းလွန်လုပ်ကွက်များကို ၂၀၁၃ ခုနှစ်က တင်ဒါခေါ်ယူခဲ့ပြီး ယခုအချိန်တွင် လုပ်ငန်းများဆောင်ရွက်နေပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်နေခြင်းမှာ ဘူမိဗေဒဆိုင်ရာ စမ်းသပ်တိုင်းတာနေမှုများကို လုပ်ဆောင်နေခြင်း ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများ၏ ရလဒ်များအရ ဖြစ်နိုင်ခြေစွမ်းကို လေ့လာပြီး တင်ဒါခေါ်ယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## လျှပ်စစ်သဘော်ာ ယခုနှစ်မခေါ်

**လျှပ်စစ်ဓာတ်အားပေး သဘော်ာငှားရမ်းမှုဆိုင်ရာ** မေးခွန်းနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန်က နွေရာသီ ဓာတ်အား မလုံလောက်မှုများ ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ လျှပ်စစ်ဓာတ်အားပေး သဘော်ာကို ခေါ်ယူရန် ရည်ရွယ်ခဲ့သော်လည်း အခြေအနေအမျိုးမျိုးကြောင့် ယခုနှစ်တွင် ခေါ်ယူခြင်းမပြုဘဲ၊ လာမည့် ၂၀၁၈ ခုနှစ် နွေရာသီတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု အခြေအနေပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## ပြည်သူများအား ချပြမည်

**မီတာခများ တိုးမြှင့်ကောက်ခံမည့် ကိစ္စနှင့် စပ်လျဉ်း၍** အမြဲတမ်းအတွင်းဝန်က မီတာခနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် ထုတ်လုပ်မှု ကုန်ကျစရိတ်များကို တင်ပြခဲ့ပြီး ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် ရေအားလျှပ်စစ် ထုတ်ယူမှုသည် ကုန်ကျစရိတ်အနည်းဆုံးဖြစ်ပြီး သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုသည် ကုန်ကျစရိတ်များပါကြောင်း၊ ထို့ကြောင့် စရိတ်သက်သာ၍ အခြေခံပြည်သူများ အသုံးပြုနိုင်မည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် စီမံချက်များရေးဆွဲနေပါကြောင်း၊ စီမံချက်များရေးဆွဲ၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှု အခြေအနေနှင့် ကုန်ကျစရိတ်သက်သာမှုတို့ကို တွက်ချက်ရရှိပါက လွှတ်တော်သို့ တင်ပြသွားမည့်အပြင် ပြည်သူများအား ချပြရှင်းလင်းသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## အရှုံးကာမိသည့် ဈေးနှုန်း

ထို့ပြင် **စီးပွားရေးလုပ်ငန်းနှင့် ပြည်သူများအကြား မီတာကောက်ခံမှုနှုန်းထား ခွဲခြားထားမှုနှင့်**စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန်က မီတာကောက်ခံမှု နှုန်းထားများကို ခွဲခြားထားပါကြောင်း၊ ပြည်သူများ၏ လျှပ်စစ်ဓာတ်အား သုံးစွဲမှုကို အတတ်နိုင်ဆုံးနှင့် ငွေကြေးအနည်းဆုံးနှင့် အသုံးပြုခွင့်ပြုထားပါကြောင်း၊ စီးပွားရေးလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအရှုံးကာမိသည့် ဈေးနှုန်းဖြင့် တွက်ချက်ခွင့်ပြုထားပါကြောင်း၊ မီတာခ တစ်ပြေးညီကောက်ခံမှုကို နိုင်ငံတကာတွင်လည်း မကျင့်သုံးပါကြောင်း၊ မိမိတို့ဌာနအနေဖြင့် အခြေခံပြည်သူများ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် အချိန်ယူ တွက်ချက်နေပါကြောင်း ဖြေကြားသည်။

**မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍** မြစ်ဆုံစီမံကိန်းအား နိုင်ငံတော်အဆင့် ကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်နေပါကြောင်း၊ မိမိဌာနအနေဖြင့် ကော်မရှင်၏ လေ့လာသုံးသပ်ချက်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ပြည်သူများကို အသိပေးတင်ပြသွားမည် ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

# ရေရှားပါးသောကျေးရွာများသို့ သောက်သုံးရေများဖြန့်ဝေ လှူဒါန်း

**မကွေး ဧပြီ ၆**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေရှားပါးသည့်ကျေးရွာများမှ ဒေသခံပြည်သူများ ရေအခက်အခဲ မဖြစ်စေရန်အတွက် မကွေးမြို့ ကန်ပြားကျေးရွာရှိ အမှတ်(၂၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီး ညီညီလင်း ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင် ၄၀၊ မိသားစုဝင် ၃၀ တို့သည် သောက်သုံးရေရှားပါးသည့် မကွေးမြို့နယ် တည်ပင်ကန်ပေါက်ကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာရှိ အိမ်ခြေ ၅၀၊ လူဦးရေ ၂၅၀ တို့အတွက် ယနေ့နံနက်ပိုင်းတွင် သွားရောက်၍ ရေဂါလန်ပေါင်း ၈၀၀၀ အား လှူဒါန်းခဲ့ကြောင်း သိရသည်။ **မေသူလွင် (မကွေးကိုယ်ပွား)**



# နေပြည်တော်သင်္ကြန် စည်ကားသိုက်မြိုက်စွာကျင်းပရေး စည်းဝေး

**နေပြည်တော် ဧပြီ ၆**
၁၃၇၉ ခုနှစ် နေပြည်တော်မဟာသင်္ကြန် ကျင်းပရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မဟာသင်္ကြန် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ လုံခြုံရေးဆပ်ကော်မတီ၊ အခမ်းအနား ပြင်ဆင်ရေးဆပ်ကော်မတီ၊ ဖျော်ဖြေရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးနှင့် သန့်ရှင်းရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်က အဖွင့်အမှာစကား ပြောကြားပြီး တက်ရောက်လာကြသည့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဆပ်ကော်မတီအသီးသီး၏ တင်ပြချက်များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်က ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ယနေ့အစည်းအဝေးတွင် ၁၃၇၉ ခုနှစ် နေပြည်တော် မဟာသင်္ကြန်ကို ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ဖျော်ဖြေပွဲများကို ယိမ်းအကများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ခေတ်ပေါ်တေးသံရှင်များအပြင် ထင်ရှားကျော်ကြားသည့် ခေတ်ပေါ် အနုပညာ



ရှင်များစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ မဟာသင်္ကြန်ကာလအတွင်း မလိုလားအပ်သော ပြဿနာများ မဖြစ်ပွားစေရေးတို့အတွက် လုံခြုံရေး အစီအမံများကိုလည်း စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းအောင်(၁၀၇)**

# အာရှဖလား အမျိုးသမီးခြေစစ်ပွဲ မြန်မာနှင့် ဆီးရီးယား ယနေ့ကစားမည်

**ရန်ကုန် ဧပြီ ၆**
၂၀၁၈ အာရှဖလား အမျိုးသမီး ခြေစစ်ပွဲ အုပ်စု(ဃ) တတိယနေ့ပွဲစဉ်များကို ဧပြီ ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသမီး အသင်းသည် ဆီးရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယင်းအုပ်စုကို ဗီယက်နမ်နိုင်ငံ၌ ကျင်းပလျက်ရှိပြီး တတိယနေ့ အဖြစ်မြန်မာစံတော်ချိန်မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာနှင့် ဆီးရီးယား၊ မြန်မာစံတော်ချိန်ညနေ ၅ နာရီခွဲတွင် အိမ်ရှင်ဗီယက်နမ်နှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် ဧပြီ ၃ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စုအဖွင့်ပွဲတွင် ဂျူလိုင်ကျော်၊ ဝင်းသီဂီထွန်းတို့၏ ဂိုးများဖြင့် အီရန်အသင်းကို နှစ်ဂိုးပြတ်အနိုင်ရထားသည်။ မြန်မာအသင်းနှင့်ကစားမည့် ဆီးရီးယားအသင်းသည် နှစ်ပွဲစလုံး ရှုံးထားပြီး မြန်မာအသင်းအနေဖြင့် ဗီယက်နမ်အသင်း သွင်းယူခဲ့သည့် ၁၁ ဂိုးကို အမီလိုက်ရန်အတွက် ဂိုးရသလောက်သွင်းရန် လိုအပ်နေသည်။ ဧပြီ ၅ ရက် ပွဲစဉ်များအပြီးတွင် ဗီယက်နမ်နှင့် မြန်မာအသင်းတို့က တစ်ပွဲကစား သုံးမှတ်စီ၊ အီရန်နှင့် စင်ကာပူအသင်းတို့က နှစ်ပွဲကစား သုံးမှတ်စီ၊ ဆီးရီးယားအသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းနေဖြင့် ခြေစစ်ပွဲအောင်မြင်ရန် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် အဓိက ယှဉ်ပြိုင်ရဖွယ်ရှိနေပြီး ထိပ်တိုက်မတွေ့ဆုံမီ အမှတ်ပြည့်နှင့် ဂိုးများများသွင်းယူထားနိုင်ရန်လိုအပ်နေသည်။

**(ရဲရင့်ရှိုင်း)**

## မဟာသင်္ကြန်ကာလ မြစ်ကြီးနား - မန္တလေး ရထားခရီးစဉ်အချို့ ရပ်နား

**မြစ်ကြီးနား ဧပြီ ၆**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တို့သို့ ဆက်သွယ်ထားသည့် ရထားလမ်းအပိုင်းတွင် မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း ရထားခရီးစဉ်အချို့ ရပ်နားမည်ဖြစ်ကြောင်း မြစ်ကြီးနားဘူတာရုံပိုင်ချုပ်ထံမှ သိရသည်။ မြစ်ကြီးနား-မန္တလေး ရထားလမ်းပိုင်းတွင် မဟာသင်္ကြန်ကာလရထားခရီးစဉ်အချို့ရပ်နားရာတွင် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၃၇)အဆန်နှင့် အမှတ်(၃၈)အစုန် မြစ်ဆုံ-မန္တလာအမြန်ရထား၊ အမှတ်(၅၇) အဆန်၊ အမှတ် (၅၈)အစုန် မြစ်ကြီးနား-မန္တလာ ရထားနှင့် မြစ်ကြီးနား-မိုးကောင်း၊ မြစ်ကြီးနား-မိုးညှင်း (RBE) အစုန်/အဆန် ကားရထားများပါဝင်ပြီး ဧပြီ ၁၄ ရက်မှ ၁၆ ရက်ထိ ရပ်နားမည်ဖြစ်ပြီး ဧပြီ ၁၇ ရက်မှစတင်ကာ ရထားများပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

**သူရိန်စိုး(ကချင်မြေ)**




# သင်္ကြန်မတိုင်မီ ရန်ကုန်- ဧရာဝတီ ခရီးစဉ်ခြောက်ခုကို အထူးကားများဖြင့် ပြေးဆွဲပေးသွားမည်

**ရန်ကုန် ဧပြီ ၆**
သင်္ကြန်ကာလ နေရပ်ပြန်ရန် အခက်အခဲရှိနေသော ခရီးသွားများအဆင်ပြေစေရန် ရန်ကုန်- ဧရာဝတီ ခရီးစဉ်ခြောက်ခုကို ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏စီစဉ်မှုဖြင့် အထူးယာဉ်များ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ရန်ကုန်မြို့ရှိ စက်မှုဇုန်နှင့် စက်ရုံလုပ်သားအများစုတို့၏ နေရပ်ပြန်မှုအခက်အခဲဖြစ်ပေါ်နေသော ရန်ကုန်-ဧရာဝတီတိုင်းဒေသကြီး ခရီးစဉ်ခြောက်ခုဖြစ်သည့် ရန်ကုန်-ပုသိမ်၊ ရန်ကုန်-မအူပင်၊ ရန်ကုန်-မြောင်းမြ၊ ရန်ကုန်-ဝါးခယ်မ၊ ရန်ကုန်-ဟင်္သာတ၊ ရန်ကုန်-ဘိုကလေး စသည့် ခရီးစဉ်ခြောက်ခုကို ဧပြီ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် အထူးယာဉ်များဖြင့် သုံးရက် ပြေးဆွဲပေးသွားမည်ဟု သိရသည်။

"စက်မှုဇုန်နဲ့ စက်ရုံလုပ်သားအများစု နေရပ်ပြန်ဖို့ ကားမလောက် ဘူးဆိုပြီး တင်ပြထားတာရှိပါတယ်။ အဲဒါကြောင့် ကားတွေက ရှိနေတဲ့အတွက် လက်ရှိ ပြေးဆွဲနေတဲ့ ခရီးစဉ်တွေ၊ ယာဉ်လိုင်းတွေမှာ လက်မှတ်ဝယ်လို့မရတော့ရင်၊ နေရာမလုံလောက်တော့ရင်၊ ကားမလုံလောက်တော့ရင် အထူးကားတွေနဲ့ ဧပြီ ၁၀ ရက်ကနေ ၁၂ ရက်အထိ မနက် ၆ နာရီကနေစပြီး လိုအပ်ချက်ရှိသလို ပြေးဆွဲပေးသွားပါမယ်။ လက်ရှိ ပြေးဆွဲနေတဲ့ ယာဉ်လိုင်းတွေလည်း မထိခိုက်အောင်၊ သူတို့ရောင်းနေတဲ့ ခုံနေရာတွေ ကုန်သွားတဲ့အခါ အထူးကားတွေနဲ့ ပုံမှန်ယာဉ်စီးခနှုန်းထားနဲ့ပဲ ပြေးဆွဲပေးမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

နှစ်စဉ် သင်္ကြန်ကာလတွင် နေရပ်ပြန်သည့်သူများ အနေဖြင့် ကားလက်မှတ်၊ ရထားလက်မှတ် အခက်အခဲများကို ကြုံတွေ့နေရလျက်ရှိပြီး အချို့သောယာဉ်လိုင်းများ၊ လက်မှတ်ပွဲစားများကလည်း သတ်မှတ်ဈေးနှုန်းထက် နှစ်ဆ၊ သုံးဆတင်ကာ ရောင်းချမှုများလည်း ရှိနေဆဲပင် ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် သင်္ကြန်ကာလ ရုံးပိတ်ရက်အပြောင်းအလဲအမျိုးမျိုးကြောင့် နေရပ်ပြန်သူနှင့် အပန်းဖြေခရီးသွားရန် စီစဉ်သူများအတွက် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်ဟု သိရသည်။ လက်ရှိတွင် နေရပ်ပြန်သူများ အခက်အခဲမကြုံစေရန် အထူးရထား၊ အထူးကားများကို ပြေးဆွဲပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ သိရသည်။ ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး ခရီးစဉ်အပြင် မြန်မာနိုင်ငံ အထက်ပိုင်းဒေသ ခရီးစဉ်များအတွက်လည်း ယာဉ်လိုင်းများအနေဖြင့် ယာဉ်အစီးရေ ထပ်တိုးပြေးဆွဲလိုပါက သက်ဆိုင်ရာသို့တင်ပြနိုင်ပြီး ပြေးဆွဲနိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့ထံမှ သိရသည်။

**(ဆုနှင်းလှဲ့)**

■

**❖ MNL အမှတ်ပေးမှ**

ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်(၁၀) အပြီးတွင် ရန်ကုန်အသင်းက ၂၈ မှတ်ဖြင့် ရာသီဝက် ချန်ပီယံဖြစ်ခဲ့ပြီး ရှမ်းယူနိုက်တက် အသင်းက ၂၂ မှတ်၊ ရတနာပုံအသင်းက ၂၁ မှတ်၊ ဧရာဝတီ အသင်းက ၁၅ မှတ်၊ ရခိုင်အသင်းက ၁၄ မှတ်၊ မကွေးနှင့် ဇွဲကပင်အသင်းက ၁၃ မှတ်စီ၊ နေပြည်တော်အသင်းက ကိုးမှတ်၊ ဟံသာဝတီအသင်းက ရှစ်မှတ်၊ Southern နှင့် ချင်းယူနိုက်တက်အသင်းတို့က ခုနစ်မှတ်စီနှင့် GFA အသင်းက ခြောက်မှတ်ရရှိထားသည်။

ယခုရာသီတွင် ရန်ကုန်အသင်းက ခြေစွမ်းအမှန်ဆုံးနှင့် ရလဒ်အကောင်းဆုံးဖြစ်နေပြီး ၁၀ ပွဲဆက်ရှုံးပွဲမရှိသေးသလို ရနိုင်သည့် ရမှတ် ၃၀ အနက် ၂၈ မှတ်အထိ ရယူထားနိုင်သည့် အသင်းလည်း ဖြစ်သည်။ ယခုတစ်ပတ်တွင် တန်းဆင်းဇုန်ထဲမှ ချင်းယူနိုက်တက်အသင်းနှင့် ကစားရမည်ဖြစ်သည်။ ရန်ကုန်အသင်းကို အမီလိုက်ရန် ကြိုးပမ်းနေသည့် ရှမ်းယူနိုက်တက်အသင်းမှာ ဟံသာဝတီနှင့် အဝေးကွင်း လက်ရှိချန်ပီယံ ရတနာပုံအသင်းမှာ နေပြည်တော်နှင့်အဝေး ကွင်းယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းအတွက်ကြောင့် အမှတ်ကွာဟမှု မကျဉ်းမြောင်းစေရန် ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်းတို့မှာ အမှတ်မဆုံးရှုံးရန် လိုအပ်နေသည်။

အဆင့် ၄ နေရာအတွက် အပြိုင်ဖြစ်နေသည့် ဧရာဝတီနှင့် ရခိုင်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေပြီး အိမ်ကွင်းရှုံးပွဲမရှိသေးသည့် ရခိုင်အသင်း၏ အစဉ်လာကောင်းကို စောင့်ကြည့် ရမည်ဖြစ်သည်။ ယခုတစ်ပတ်ပွဲစဉ်များအပြီးတွင် ပထမအကျော့ပြီးဆုံးမည်ဖြစ်ပြီး ဒုတိယအကျော့ကို မေလတွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ- ရှိုင်းထက်ဇော်**




# မန္တလေးမြို့နယ်နိမိတ်အတွင်း အိမ်ပိုင်ရှင်က အိမ်ငှားပိုင်ခွင့်လုပ်ငန်းလိုင်စင် လျှောက်ထားရမည်

**မန္တလေး ဧပြီ ၆**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း အဆောက်အအုံငှားရမ်း၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၇၆ အရ အိမ်ပိုင်ရှင်က အိမ်ငှားပိုင်ခွင့်လုပ်ငန်းလိုင်စင်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်ပြီး သန့်ရှင်းရေးဌာနသို့ တင်ပြလျှောက်ထားရမည်ဖြစ်သည်။

အဆောက်အအုံတစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ အခန်းများဖွဲ့၍ အခန်းအလိုက်ဖြစ်စေ၊ ငှားရမ်းခသတ်မှတ်ချက်ဖြင့် ငှားရမ်းသော အဆောက်အအုံများ၊ မြေကိုငှားရမ်း၍ ငှားရမ်းသူက အဆောက်အအုံ ဆောက်လုပ်ငှားရမ်းသည့် အဆောက်အအုံ၊ လူနေအိမ်ဖြစ်စေ၊ အခြားနည်းဖြင့်အသုံးပြုရန်ငှားရမ်းသည့် အဆောက်အအုံပိုင်ရှင်များ အငှားအိမ်ငှားရမ်းခြင်း လျှောက်ထားရမည်ဟု သတ်မှတ်ထားသည်။

အငှားအိမ်လျှောက်ထားလိုသူများသည် အိမ်၊ ခြံ၊ မြေ၊ အဆောက်အအုံ ပိုင်ဆိုင်ကြောင်း အထောက်အထား စာချုပ်စာတမ်း၊ ဂရန်အမည်ပေါက်စာချုပ်၊ ဘိုးဘွားပိုင်အမည်ပေါက်မြေပုံ၊ မြေရာဇဝင်၊ အိမ်၊ ခြံ၊ မြေ၊ အဆောက်အအုံပိုင်ရှင်နှင့် ငှားရမ်းသူတို့ ချုပ်ဆိုသည့် ငှားရမ်းခြင်းသဘောတူစာချုပ်မိတ္တူ/မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ လျှောက်ထားသူအိမ်ရှင်၏ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ သုံးပုံနှင့်အတူ လျှောက်ထားနိုင်သည်။

အိမ်ငှားရမ်းခြင်းလုပ်ငန်းလိုင်စင်နှင့် ပတ်သက်၍ အများပြည်သူများသိရှိစေရန် ပညာပေးကာလကို ၂၀၁၇ ဧပြီလမှ ဇွန်လအထိ သတ်မှတ်ပြီး ပညာပေးကာလ သုံးလပြည့်ပြီးနောက် အိမ်ငှားရမ်းခွင့်လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းမရှိပါက မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## မဟာသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ ပြည်သူများသတိပြုရန် နှိုးဆော်ချက်

၁။ ရေပက်ခံကားယာဉ်မောင်းသူများ အရက်သေစာသောက်စားထားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး တားမြစ်ကြပါရန်။

၂။ မူးယစ်ဆေးဝါးများ၊ စိတ်ပြောင်းဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တရားမဝင်ရောက်ရှိလာသည့် ကာမဆန္ဒနှိုးဆွစေသောဆေးဝါးများအား မိမိကိုယ်တိုင်သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန်နှင့် မြူဆွယ်တိုက်ကျွေး၍ အန္တရာယ်ပေးနိုင်သည်ကိုလည်း သတိပြုဆင်ခြင်ကြပါရန်။

၃။ တာဝန်သိပြည်သူတစ်ယောက်ချင်းအနေဖြင့် မိမိတို့နိုင်ငံ၊ လူမျိုးတို့ အမြတ်တနိုးတန်ဖိုးထားသည့် အတာသင်္ကြန်ပွဲတော် မညစ်နွမ်းစေရန် မိမိပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့် အခြားအန္တရာယ်ရှိသောဆေးဝါးများ၊ ကာမဆိုင်ရာဆေးဝါး သုံးစွဲရောင်းဝယ်မှုများ တွေ့ရှိပါက အနီးဆုံးလုံခြုံရေးအဖွဲ့အစည်းများထံ သတင်းပေးပို့တိုင်ကြားကြပါရန်။

၄။ အတာသင်္ကြန်ကာလအတွင်း လူငယ်များသည် ရိုးရာသင်္ကြန်ကို အရိုးရှင်းဆုံးပုံစံဖြင့် ပျော်ရွှင်စွာဆင်နွှဲကြပါရန်၊ အရက်မှအစပြု၍ မူးယစ်ဆေးဝါးအပါအဝင် အဆန်းထွင်သုံးစွဲအပျော်လွန်ကျူးလျှင် ဘေးအန္တရာယ်များနှင့်ကြုံတွေ့ရမည်ကို သတိပြုကြပါရန်။

၅။ မြန်မာ့ရိုးရာ အတာသင်္ကြန်ကာလအတွင်း လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကူးကာလကို ဘေးကင်းစွာနှင့် ပျော်ရွှင်စွာဖြတ်သန်းနိုင်ကြစေရန်အတွက် ရပ်မိရပ်ဖများ၊ မိဘအုပ်ထိန်းသူများနှင့် မဏ္ဍပ်တာဝန်ခံများ ဝိုင်းဝန်းထိန်းသိမ်း၍ ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## မြစိမ်းရောင်စီမံကိန်း ဆန်းစစ်သုံးသပ်ပွဲ မအူပင်မြို့နယ်၌ ကျင်းပ

**မအူပင် ဧပြီ ၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်း ၄၇ ယူနစ်၏ တစ်နှစ်တာလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု ဆန်းစစ်သုံးသပ်ခြင်း အခမ်းအနားကို ဧပြီ ၅ ရက်က မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အဆိုပါအခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်နှင့်မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များနှင့် ကျေးရွာမြစိမ်းရောင်စီမံကိန်း ၄၇ ယူနစ်မှ ကော်မတီဝင် ၁၁၇ ဦး တက်ရောက်ခဲ့ပြီး တစ်နှစ်တာလုပ်ငန်းဆောင်ရွက်မှုများအပေါ် ဆန်းစစ်သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)** **(သပြေထွန်း)**




**ပဲခူး ဧပြီ ၆**

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ ဒီမိုကရေစီစနစ်အရ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးလုပ်ငန်းစဉ်များအား ဆောင်ရွက်ရာတွင် ခြောက်နှစ်ကျော်ကြာခဲ့ပြီးဖြစ်၍ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိခဲ့ကြောင်း၊ သို့သော်လည်း အချို့ကိစ္စရပ်များတွင် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် ကြန့်ကြာမှုများရှိနေ၍ ပြည်သူလူထုထံသို့ ဝန်ဆောင်မှုပေးရာ၌ လျင်မြန်စွာမဆောင်ရွက်ပေးနိုင်သေးကြောင်း၊ ဒါကြောင့် တိုင်းပြည်ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဗဟိုချုပ်ကိုင်မှု အလျှော့နည်းဆုံးဖြစ်အောင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ လျှော့ချပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အစိုးရအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့်ကိစ္စများ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ အဖွဲ့(၁) အဖွဲ့ခေါင်းဆောင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ငွေက မိမိတို့အဖွဲ့သည် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဗဟိုအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းစွာနှင့် ထိရောက်မှုရှိစွာ အချိန်တိုအတွင်း ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၏ နေ့စဉ်လုပ်ငန်းဆောင်ရွက်ရာ၌ ဖြစ်ပေါ်နေသည့် အခက်အခဲများ၊ သဘောထားအမြင်များကို ပေါင်းစပ်ညှိနှိုင်းပေးရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့က ပြည်ထောင်စုဝန်ကြီးဌာနအဆင့်မှ တိုင်းဒေသကြီးအတွင်း လုပ်ငန်းစီမံကိန်းများ၊ ဘတ်ဂျက်ဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ အခွင့်အာဏာခွဲဝေရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးရမည့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များအား တင်ပြဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ဌာနဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြခဲ့ရာ အဖွဲ့(၁)ခေါင်းဆောင် ဦးကျော်ငွေက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။ **သူရအောင်(ပြည်)**

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များ ရှင်းလင်းဆွေးနွေး



## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်ပွဲကျင်းပ

**တံတားဦး ဧပြီ ၆**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်အတွင်းရှိ တောင်သူများ အမြဲလုပ်ကိုင်ဆောင်ရွက်နေသည့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်(ပုံစံ-၇) ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာသော တောင်သူများနှင့် တောင်သူကိုယ်စားလှယ်များအား တံတားဦးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၁) ဦးမင်းမင်းနီ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပုံစံ(၇) များကို တောင်သူများလက်ဝယ်အရောက် ပေးအပ်ကြသည်။

တံတားဦးမြို့နယ်အနေဖြင့် ယနေ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ထုတ်ပေးရာတွင် ကျေးရွာပေါင်း ၂၀၊ ကွင်းပေါင်း ၄၉ ကွင်း၊ တောင်သူပေါင်း ၉၃၄ ဦး၊ ဦးပိုင်ပေါင်း ၁၅၂၈၊ လယ်မြေ ၂၀၅ ဒသမ ၇၄ ဧက၊ ယာမြေ ၁၆၃၃၀ ဒသမ ၁၄ ဧက စုစုပေါင်း ၁၈၃၅ ဒသမ ၈၈ ဧကကို ပေးနိုင်ခဲ့သည်။

**ရဲတင့်(ပြန်/ဆက်)**

## မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများ ကူညီထောက်ပံ့သည့်အုပ်စုများ တွေ့ဆုံဆွေးနွေး

**လွိုင်ကော် ဧပြီ ၆**

လူမှုဝန်ထမ်းဦးစီးဌာနနှင့် World Education Inc အဖွဲ့တို့ ပူးပေါင်းပြီး မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများကို ကူညီပံ့ပိုးပေးသည့် အဖွဲ့အစည်းအသီးသီး၏ လုပ်ငန်းညှိနှိုင်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၆ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ ဟိုတယ်လွိုင်ကော်၌ ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ကြည်က အဖွင့်အမှာစကားပြောကြားပြီး မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများကို ကူညီထောက်ပံ့သည့် အဖွဲ့အစည်းများက ပြီးခဲ့သည့် သုံးလပတ်အတွင်း ဆောင်ရွက်ခဲ့သည့် စီမံချက်များအား ရှင်းလင်းတင်ပြပြီး နောင်လာမည့် သုံးလပတ်အတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ဆွေးနွေးကြကြောင်းသိရသည်။

ဧင်းညှိနှိုင်းဆွေးနွေးပွဲမှ လုပ်ငန်းစဉ်တစ်ခုဖြစ်သော မိုင်းထိသူများနှင့် အသက်ရှင်ကျန်ရစ်သူများကို ကူညီပံ့ပိုးပေးရန်နှင့် အခြားသော မသန်စွမ်းသူများအားလည်း အကူအညီပေးရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာနနှင့် World Education Inc တို့ ပူးပေါင်းပြီး လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် သုံးလပတ်အစည်းအဝေးများကို ပုံမှန်ပြုလုပ်ခဲ့ကြောင်း၊ ယခုအကြိမ်သည် ဆဋ္ဌမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲဖြစ်ကြောင်း၊ မသန်စွမ်းအရင်းအမြစ်ဌာန(တောင်ငူ)မှ လွိုင်ကော်မြို့နယ်တွင် ဖေဖော်ဝါရီလမှ ဧပြီလအထိလည်းကောင်း၊ ဒီးမော့ဆိုမြို့နယ်တွင် မေလမှ ဇူလိုင်လအထိ လည်းကောင်း၊ ဖားဆောင်းမြို့တွင် ဩဂုတ်လမှ အောက်တိုဘာလအထိ လည်းကောင်း၊ မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများအား ဒူးအောက်ပိုင်း ခြေတုတပ်ဆင်ပေးခြင်းကို အခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒူးအောက်ပိုင်း ခြေတုတပ်ဆင်မည့်သူများ မသန်စွမ်းအရင်းအမြစ်ဌာန(တောင်ငူ)ဖုန်း-၀၉ ၉၇၆၅၃၈၈၆၄၊ လွိုင်ကော်ဖုန်း-၀၉ ၇၉၃၁၅၃၁၈၁ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မောင်တောမြို့နယ်၌ အတာသင်္ကြန်ပွဲ စည်ကားစွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး



**မောင်တော မေ ၆**
ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အတာသင်္ကြန်ပွဲတော် ကျင်းပရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အစည်းအဝေးတွင် အမှတ်(၁၅) စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး ခင်မောင်စိုးနှင့် အမှတ်(၁)နယ်ခြားစောင့်ရဲ ကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲရေးမှူး ရဲမှူးချုပ် သူရစန်းလွင်တို့က အမှာစကားများ ပြောကြားကြပြီး မြို့နယ် အတာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်မှုက အတာသင်္ကြန်ကာလအတွင်း ပြုလုပ်မည့်အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ ဆပ်ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အတာသင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ စိတ်အေးချမ်းသာစွာ ရေကစားနိုင်ရန်နှင့် လုံခြုံမှုရှိစေရန်တို့အတွက် လုံခြုံရေးဆိုင်ရာ အစီအမံများကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆက်လက်ဆွေးနွေးကြသည်။

မေ ၁၇၊ ၁၈၊ ၁၉ ရက်တို့တွင် ကျင်းပမည့် မောင်တောမြို့ အတာသင်္ကြန်ပွဲတော်တွင် ရခိုင်တိုင်းရင်းသား အဆိုတော်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ ယိမ်းအကပြိုင်ပွဲများ၊ နံ့သာသွေးပွဲ၊ ဘိုးဘွားကန်တော့ပွဲ စသည်တို့ဖြင့်စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးဦးစီးကော်မတီမှ သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**ရာမည၊ တင်စိုး**

# ဖုန်းလုယက်သူအား ထောင်ဒဏ် ခုနစ်နှစ်ချမှတ်

**မန္တလေး မေ ၆**
၂၀၁၆ ခုနှစ် ဩဂုတ် ၂၂ ရက် ည ၁၂ နာရီခန့်တွင် တရားလို ကိုအောင်ကျော်ချိန်သည် ချမ်းမြသာစည်မြို့နယ် ရွှေတချောင်းမြောင်း အနောက်ဘက် မြပဟသ်ာ အရက်ချက်စက်ရုံအနီး ဆိုင်ကယ်ရပ်၍ အပေါ့သွားနေစဉ် လူသုံးဦး ဆိုင်ကယ်နှစ်စီးဖြင့် ရောက်လာပြီး ကိုအောင်ကျော်ချိန်၏ ဖုန်းအား လုယူစဉ် ရဲများရောက်လာပြီး ဝိုင်းဝန်းဖမ်းဆီးရာ သိန်းလင်းဦး လုယူထားသည့် ဖုန်းနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ကျန်ပြစ်မှုကျူးလွန်သူနှစ်ဦးမှာ ဆိုင်ကယ်တစ်စီးဖြင့် ထွက်ပြေးတိမ်းရှောင်သွားသောကြောင့် ကိုအောင်ကျော်ချိန်က အမှတ်(၁၀)မြို့မရဲစခန်းသို့ တိုင်တန်းရာ သိန်းလင်းဦး(ခ)ရေကြက်အား ရာဇသတ်ကြီးပုဒ်မ ၃၉၂ အရလည်းကောင်း၊ ပြစ်မှုကျူးလွန်သူ ဇင်ဝင်းထွေး၊ ဟန်မင်းသိန်းတို့အား ရာဇသတ်ကြီးပုဒ်မ ၃၉၂/ကျင် ၅၁၂ အရ လည်းကောင်း အမှတ်(၁၀)မြို့မရဲစခန်းက တရားစွဲတင်ပို့ခဲ့ရာ ချမ်းမြသာစည်မြို့နယ် တရားရုံး၏ ရာဇဝတ်ကြီးမှု အမှတ် ၁၀၄၁/၂၀၁၆ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်သူ ဇင်ဝင်းထွေးနှင့် ဟန်မင်းသိန်းတို့အား ချမ်းမြသာစည်မြို့နယ် တရားရုံး ရာဇဝတ်သေးမှုအမှတ် ၉၆/၂၀၁၆ ဖြင့် လက်ခံစစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်သူ ဇင်ဝင်းထွေးနှင့် ဟန်မင်းသိန်းတို့အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/၈၈ အရ ဝရမ်းထုတ်ဆင့်ခဲ့ပြီး ၂၀၁၇ ခုနှစ် မေ ၅ ရက်က သိန်းလင်းဦး(ခ)ရေကြက်အား ရာဇသတ်ကြီး ပုဒ်မ ၃၉၂ အရ အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ်ကျခံစေရန် သက်သေခံပစ္စည်း တယ်လီဖုန်းအား ပိုင်ရှင် ကိုအောင်ကျော်ချိန်ထံ ပြန်ပေးစေရန်နှင့် အရိုးအသွား ခြောက်လက်မရှိ ဓားဦးချွန်တစ်ချောင်းအား ဖျက်ဆီးစေရန် ချမ်းမြသာစည်မြို့နယ် တွဲဖက်မြို့နယ်တရားသူကြီးက အမိန့်ချလိုက်ကြောင်း သတင်းရရှိသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဘူးသီးတောင်မြို့နယ် ခဲဝါကျေးရွာတွင် မကျေနပ်၍ တုတ်ဖြင့်ဝိုင်းရိုက်မှုကြောင့် လူတစ်ဦးသေဆုံး

**နေပြည်တော် မေ ၆**
ဘူးသီးတောင်မြို့နယ် ခဲဝါကျေးရွာမှ ဇနီးမောင်နှံနှစ်ဦးအား အိမ်နီးချင်းဖြစ်သူနှင့် အပေါင်းအပါတစ်စုက တုတ်ဖြင့်ဝိုင်းရိုက်သဖြင့် တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် ခဲဝါကျေးရွာနေ ရှော်ဘီဟူလ္လာနှင့်ဇနီး အောယေရှားခါတူတို့ နှစ်ဦးသည် မေ ၄ ရက်ညနေပိုင်းက ကလေးချင်း စကားများရန်ဖြစ်သည်ကို မကျေနပ်၍ ဆဲဆိုနေသော အိမ်နီးချင်း ဇော်နာလိုပိုဒိန်(ခ)ဟာဘီအား ကျေးရွာအုပ်ချုပ်ရေးမှူးထံ သွားရောက်တိုင်ကြားပြီး နေအိမ်သို့ပြန်လာစဉ် ဦးလှဖေကြီးရွာနှင့် ခဲဝါရွာအကြား လယ်ကွင်းပြင်တွင် ဇော်နာလိုပိုဒိန်(ခ)ဟာဘီပါ ငါးဦးက သံတူရွင်း၊ တုတ်များဖြင့်ဝိုင်းဝန်းရိုက်နှက်ကြသဖြင့် အောယေရှားခါတူသည် လက်ယာဘက် တံတောင်ဆစ်၊ လက်ဝဲ လက်ယာ ခြေဖမိုးဖူးရောင်ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိပြီး ရှော်ဘီဟူလ္လာသည် နှာခေါင်း၊ လက်ယာပခုံး၊ လက်သူကြွယ် သွေးထွက်ဖူးရောင်ပေါက်ပြဲဒဏ်ရာတို့ရရှိကာ မေ ၅ ရက် နံနက်ပိုင်းတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၆**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၂၆ စီး၊ သွင်းကုန် ၅၅၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၈ စီး၊ သွင်းကုန် အစီး ၁၇၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု(ခန့်မှန်းတန်ဖိုးကျပ် ၄၁ ဒသမ ၅၀ သန်းခန့်)နှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးကျပ် ၅၇ ဒသမ ၄၄ သန်းခန့်) စုစုပေါင်း ၁၂ မှု (ခန့်မှန်းတန်ဖိုးကျပ် ၉၈ ဒသမ ၉၄ သန်း) သိမ်းဆည်းရမိကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၅ ရက်တွင် မူဆယ်မြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် Crown အမျိုးအစား မော်တော်ယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ မော်တော်ယာဉ်ကြမ်းခင်းအတွင်း အံ့ဝှက်များပြုလုပ်ထားပြီး တရားဝင်စာရွက်စာတမ်း




အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Crown အမျိုးအစား မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် လေးသန်းခန့်အား သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**



**နွေရာသီအပူချိန်မြင့်တက်မှုနှင့်အတူ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်လမ်း တောင်ပေါ်ဒေသကျေးရွာများ၌ သောက်သုံးရေရှားပါးပြတ်လပ်လျက်ရှိရာ မေ ၆ ရက် နံနက် ၉ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်ဦး ဦးစီး၍ ရေတာရှည်၊ ဆွာ၊ သာဂရ မြို့လှ၊ ရေနီ ရဲစခန်းအသီးသီးမှ ရဲတပ်ဖွဲ့ဝင်များ ဂုံမင်းကွင်းကျေးရွာအုပ်စု (၈)မိုင် သစ်တောကျေးရွာရှိ အိမ်ခြေ ၈၀ အတွက် ရေသန့်ဘူးကြီး ၁၀၀ ရေဂါလန် ၅၀၀ ခန့်နှင့် ရေငန်းကျေးရွာအုပ်စု ဇရဲပေါက်ကျေးရွာရှိ အိမ်ခြေ ၈၅ လုံးအတွက် ရေသန့်ဘူးကြီး ၂၀၀ ရေဂါလန် ၁၅၀၀ ခန့်အား သွားရောက်လှူဒါန်းစဉ်။**

ကိုလွင်(ဆွာ)

# တုန်ဖုန်းယာဉ်ပေါ်တွင် လေးပေလွှဝိုင်းနှင့်အတူ ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**အင်းတော် မေ ၆**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နမီးကျေးရွာအုပ်စု နန်းမကျိုင်းကျေးရွာအနီး မံမော်ကြိုးဝိုင်းအတွင်း တပ်မတော်စစ်ကြောင်းမှ နယ်မြေရှင်းလင်းစဉ် တုန်ဖုန်းယာဉ်တစ်စီးပေါ်၌ တရားမဝင်သစ်စက်ပြုလုပ်ရန်အတွက် လေးပေလွှဝိုင်းနှင့်အတူ ဆက်စပ်ပစ္စည်းများကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၆ ရက် နံနက် ၁၀ နာရီခန့်က ခမရ-(၁၆)စစ်ကြောင်းအဖွဲ့မှ ယာယီတပ်ရင်းမှူး ဗိုလ်မှူးလှမင်းထွေးနှင့်အဖွဲ့တို့သည် နန်းမကျိုင်းကျေးရွာအနီး မံမော်ကြိုးဝိုင်းအတွင်း နယ်မြေရှင်းလင်းရေး ဆောင်ရွက်နေစဉ် ယင်းကျေးရွာ၏ အနောက်ဘက် ငါးမိုင်ခန့်အကွာ ပိုင်ရှင်မဲ့တုန်ဖုန်းယာဉ်တစ်စီးပေါ်တွင် တရားမဝင်သစ်စက်ပြုလုပ်ရန်အတွက် တင်ဆောင်လာသောဆက်စပ်ပစ္စည်းများဖြစ်သည့် ပစ္စည်းရှစ်မျိုး(တုန်ဖုန်းယာဉ်တစ်စီး၊ တရုတ်ဂျင်ဒေါင်းစက် တစ်လုံး၊ လေးပေလွှဝိုင်း တစ်ခု၊ သံလှည်းဘီး ဝင်ရိုးပါ လေးခု၊ ငါးပေရှပ်တန်းတစ်ခု၊ ပူလီ နှစ်ပေခွဲဝိုင်း တစ်ခု၊ ပတ်တာကြိုးခွေ ပေ ၃၀ တစ်ချောင်း၊ တလိမ့်တုံး နှစ်ခု)တို့အား တင်ဆောင်ထားသည်ကို ဖမ်းဆီးထားကြောင်း ဖုန်းဆက်အကြောင်းကြားခဲ့သဖြင့် မော်လူးနယ်မြေရဲစခန်းမှ ရဲအုပ်မင်းသိန်းထွန်း၊ ဒု-တပ်ကြပ် နေဝင်းထွန်း၊ ဘိနယ်တာဝန်ခံတောအုပ် ဝင်းလိုင်မိုးတို့နှင့်အတူ သွားရောက်စစ်ဆေးခဲ့ပြီး မွန်းလွဲ ၁ နာရီခွဲတွင် ဗိုလ်မှူးလှမင်းထွေးက ရဲအုပ်မင်းသိန်းထွန်းထံသို့ လွှဲပြောင်းပေးအပ်၍ မော်လူးနယ်မြေရဲစခန်းတွင် ထိန်းသိမ်းကာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီသို့ ဆက်လက်အပ်နှံရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၀၅၈)**

# ဖမ်းဆီးထားသည့် မသင်္ကာသူ ၁၁ ဦးအနက်မှ သုံးဦးပြန်လွှတ်

**နေပြည်တော် မေ ၆**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် စဉ်တောင်ကျေးရွာ လူပျောက်မှု၊ လင်ဘာကုန်းကျေးရွာ လူသတ်မှုဖြစ်စဉ်များနှင့် ပတ်သက်၍ စစ်ဆေးနေသော မသင်္ကာသူများအနက်မှ သုံးဦးအား ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် စဉ်တောင်ကျေးရွာနေ မာမတ်ရှော်ဖီး(၂၁)နှစ် ပျောက်ဆုံးနေမှုနှင့် ဇန်နဝါရီ ၂ ရက် ညနေပိုင်းက လင်ဘာကုန်းကျေးရွာနေ ဆွေဒူအာမီ သေဆုံးမှုတို့နှင့် ပတ်သက်၍ မသင်္ကာသူ ၁၁ ဦးကို ဖမ်းဆီးစစ်ဆေးခဲ့ရာ သုံးဦးအား ခံဝန်ချုပ်ချုပ်ဆို၍ ပြန်လည်စေလွှတ်ခဲ့ပြီး မာမတ်ဖော်ရီ အပါအဝင် ရှစ်ဦးအား ဆက်လက် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




## ဟာဇက်နှင့် ဂရစ်ဇ်မန်းတို့ကို ခေါ်ယူလျှင် ရီးယဲလ်မှ ထွက်ခွာမည်ဟု စီရိုနယ်လ်ဒို ခြိမ်းခြောက်

ရီးယဲလ်မက်ဒရစ်စူပါစတား ခရစ္စယာနိုရိုနယ်လ်ဒိုက ရီးယဲလ်အနေဖြင့် ဟာဇက်နှင့် ဂရစ်ဇ်မန်းတို့နှစ်ဦးကို ခေါ်ယူပါက ရီးယဲလ်မှ သူ ထွက်ခွာမည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း စပိန်မှလာသော သတင်းရင်းမြစ်များက ဖော်ပြသည်။

စီရိုနယ်လ်ဒိုက တိုက်စစ်ပိုင်းတွင် ဘင်ဇီမာထက် တိုက်ရိုက်တိုက်စစ်လမ်းကြောင်းကို ဖော်ဆောင်ပေးမည့် တိုက်စစ်မှူးတစ်ဦးကို အလိုရှိနေပြီး အော့ဘာမီယန်၊ ဒမ်ဘီလီ၊ မက်ပီနှင့် ဒိုင်ဘာလာတို့ကို အဆိုပြုထားကြောင်း သိရသည်။ ကွင်းလယ်ပိုင်းအတွက် ဘာနာဒိုဆေးလ်ဗား၊ ဂိုးသမားနေရာတွင် ဒီဂီယာ(သို့မဟုတ်) ကော်တွိုက်စ်တို့မှာလည်း စီရိုနယ်လ်ဒို၏ စိတ်ကြိုက်ကစားသမားများဖြစ်ကြောင်း သိရသည်။

စီရိုနယ်လ်ဒိုသည် ဂရစ်ဇ်မန်းနှင့် ဟာဇက်တို့ကဲ့သို့ ပုံရိပ်မြင့်ကစားသမားများထက် အခြားနာမည်ရှိစ ကစားသမားများကိုသာ ရီးယဲလ်ခေါ်ယူစာချုပ်ချုပ်ရန် အလိုရှိပြီး ယခုကဲ့သို့ ဘာကြောင့် ခြိမ်းခြောက်မှုပြုခဲ့သလဲဆိုသည်ကိုမူ အဖြေထုတ်ရန် ခက်ခဲမည်ဖြစ်သည်။

ရီးယဲလ်တွင် စီရိုနယ်လ်ဒိုက (၃၂)နှစ်၊ မိုဒရစ်နှင့် ရာမို့စ်တို့က (၃၁)နှစ်ရှိပြီဖြစ်သလို အသက်(၃၃)အရွယ်ပီပီမှာ လာမည့် နွေတွင် အသင်းပြောင်းမည်ဖြစ်သောကြောင့် ရီးယဲလ်က သူတို့နေရာတွင် ကာလရှည်ကစားပေးနိုင်မည့် လူငယ်ကစားသမားများကို မဖြစ်မနေအစားထိုးရတော့မည်ဖြစ်သည်။ ရီးယဲလ်အသင်း၏ အပြောင်းအရွှေ့မူဝါဒကို အဓိကကိုင်တွယ်နေသည့် နည်းပြဇီဒန်းနှင့် ဥက္ကဋ္ဌ ဖလော်ရန်တီနိုပီရက်ဇ်တို့နှစ်ဦးသည် ကလပ်အသင်းရေရှည်စီမံကိန်းအတွက် စဉ်းစားနေပြီး သက်ကြီးကစားသမားများနေရာတွင် စွမ်းဆောင်ရည်မြင့် လူငယ်ကစားသမားများ အစားထိုးဖြည့်ဆည်းနိုင်ရန် ပြင်ဆင်လျက်ရှိရာ စီရိုနယ်လ်ဒိုက အပြောင်းအရွှေ့ကိစ္စရပ်အပေါ် ဝင်ရောက် စွက်ဖက်ခဲ့ခြင်းဖြစ်သည်။

စီရိုနယ်လ်ဒိုမှာ ဂါရတ်ဘေးလ်ကို ခေါ်ယူခဲ့စဉ်ကလည်း သူရဲ့ ပြောင်းရွှေ့ကြေးစံချိန်ကို ကျော်လွန်သွားခဲ့တဲ့အတွက် စိတ်အနှောင့်အယှက်ဖြစ်ခဲ့သေးရာ ရီးယဲလ်အသင်းဘုတ်အဖွဲ့ဝင်များက သူ့ကို ရီးယဲလ်အသင်းရဲ့ လစာအများဆုံးရ ကစားသမားဖြစ်ခွင့် ဖန်တီးပေးခဲ့ရသေးသည်။ ထို့ကြောင့် ဟာဇက်၊ ဂရစ်ဇ်မန်းတို့ကို ရီးယဲလ်တွင် အလိုမရှိခြင်းက ရီးယဲလ်၏ အကျော်ကြားဆုံး ကစားသမားနေရာကို ခွဲဝေလိုစိတ်မရှိခြင်းကြောင့်ဟု သုံးသပ်မှုများလည်း ထွက်လာခဲ့သည်။

ဟာဇက်သည် လတ်တလောတွင် ပရီမီယာလိဂ်၏ အထင်ရှားဆုံးကစားသမားဖြစ်သလို မန်စီးတီးအသင်းနှင့် ပွဲစဉ်တွင်လည်း ချယ်လ်ဆီးအတွက် သွင်းဂိုးနှစ်ဂိုးစလုံးကို သွင်းယူပေးခဲ့သူဖြစ်သည်။ သို့သော် ရီးယဲလ်နှင့် ဟာဇက်တို့သည် ကာလအတန်ကြာကတည်းက ချိတ်ဆက်ခဲ့ကြပြီး ဟာဇက်မှာ နည်းပြ ဇီဒန်း၏ စိတ်ကြိုက်ကစားသမားဖြစ်ရာ စီရိုနယ်လ်ဒို၏ ယခု ခြိမ်းခြောက်မှုက ဘယ်လောက်အရာထင်မလဲဆိုတာကို စောင့်ကြည့်ရမည်ဖြစ်သည်။ ဟာဇက်က ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း သူ၏ မိသားစုမှာ လန်ဒန်မြို့တွင် အခြေကျနေပြီဟုဆိုခဲ့သေးရာ ဟာဇက် ချယ်လ်ဆီးအတွက်သာ ဆက်ရှိနေမည်ဟု ယူဆချက်များကို အားကောင်းစေခဲ့သည်။

ဂရစ်ဇ်မန်းမှာမူ ရီးယဲလ်၏ ခါးသီးသည့် မြို့ခံပြိုင်ဘက် အက်သလက်တီကို ကစားသမားဖြစ်ရာ ရီးယဲလ်ကို ပြောင်းရွှေ့ရန်ဆန္ဒမရှိသလို သူကိုယ်တိုင်ကလည်း အက်သလက်အပေါ် သစ္စာစောင့်သိမှုကို ပြသလိုသဖြင့် ဘာစီလိုနာ၊ ရီးယဲလ်စသည့် လာလီဂါအသင်းကြီးများကို ပြောင်းမည်မဟုတ်ကြောင်း ပြောကြားခဲ့ပြီးဖြစ်သည်။

## ဆန်းချက်ဇ်ဟာ အာဆင်နယ်ရဲ့ မရှိမဖြစ်တိုက်စစ်မှူး မဟုတ်ဘူးဆိုတာ အချက်အလက်များက သက်သေပြနေ

အာဆင်နယ်အသင်းကနေ လာမယ့်နွေဈေးကွက်အတွင်း ခွာတော့မယ်လို့ နာမည်ကြီးနေတဲ့ တိုက်စစ်မှူး ဆန်းချက်ဇ်သည် အာဆင်နယ်အသင်းအတွက် ဂိုးသွင်းနှုန်းစံချိန် အမြင့်မားဆုံး တိုက်စစ်မှူးတစ်ဦးမဟုတ်ဘူးဆိုတာ သက်သေပြနေသည့်အချက်များပေါ် ထွက်လာခဲ့ပြီဖြစ်သည်။ ပရီမီယာလိဂ်တိုက်စစ်မှူးများ၏ ကစားသည့် မိနစ်အလိုက် သွင်းဂိုးရရှိမှုတွင် အာဆင်နယ်အသင်းတိုက်စစ်မှူး ဂျရူးက ၇၇၇ မိနစ်တွင် ရှစ်ဂိုး သွင်းယူနိုင်ခဲ့ရာ ၉၇ ဒသမ ၁ မိနစ် ကစားတိုင်း တစ်ဂိုးသွင်းယူနိုင်သည့် စံချိန်ဖြင့် မိနစ်အလိုက် ဂိုးသွင်းနှုန်း အကောင်းဆုံးတိုက်စစ်မှူးအဖြစ် ထိပ်ဆုံးမှ ရပ်တည်နေသည်။

ဆန်းချက်ဇ်မှာမူ ၂၃၅၉ မိနစ် ၁၈ ဂိုးသာ သွင်းယူနိုင်ပြီး ၁၃၁ ဒသမ ၁ မိနစ်ကစားမှသာ သွင်းဂိုးတစ်ဂိုးရရှိသဖြင့် မိနစ်အလိုက် သွင်းဂိုး သွင်းယူနိုင်မှုဇယား ပဉ္စမနေရာတွင်သာ ရပ်တည်နေသည်။ ထို့ကြောင့် အာဆင်နယ်တိုက်စစ်ပိုင်းအတွက် ကိုယ့်ကိုယ်ကိုယ် အဓိကဟု ယူဆထားသူ ဆန်းချက်ဇ်သာ မှားယွင်းပြီး ဝင်းဂါးမှန်ကန်သည်ဟု အားကစားကျွမ်းကျင်သူ ဒေ့ဗ်ဖရာဆာက သုံးသပ်မှုပြုခဲ့သည်။

ဒုတိယနေရာတွင် စပါးတိုက်စစ်မှူး ဟယ်ရီကိန်းက ၁၈၉၄ မိနစ် ၁၉ ဂိုး၊ အဲဗာတန်တိုက်စစ်မှူး လူကာကူက ၂၅၄၇ မိနစ် ၂၁ ဂိုးဖြင့် တတိယ၊ မန်စီးတီးတိုက်စစ်မှူး အဂူရိုက ၁၇၈၂ မိနစ် ၁၄ ဂိုးဖြင့် စတုတ္ထနေရာတို့ဖြင့် ဆန်းချက်ဇ်၏အထက်တွင် ရပ်တည်နေသည်ကို တွေ့ရသည်။ ဆန်းချက်ဇ်သည် နိုင်ငံတကာပွဲစဉ်များကစားရချိန်တွင် လန်ဒန်မြို့၏ လူမှုဘဝကို နှစ်သက်သော်လည်း အောင်မြင်ရေးစိတ်ဓာတ်ပြင်းထန်သည့် အသင်းတစ်ခုတွင်သာကစားရန် ဆန္ဒရှိသည်ဟု ဖြေကြားခဲ့ပြီးနောက်ပိုင်း ဆန်းချက်ဇ်နှင့် ချယ်လ်ဆီးအသင်းတို့ကြား ချိတ်ဆက်နေပြီဟု သတင်းများ ထွက်လာခဲ့ခြင်းဖြစ်သည်။ အကယ်၍ ဆန်းချက်ဇ်သာ အာဆင်နယ်မှ ထွက်ခွာဖြစ်လျှင် ဂျရူးအနေဖြင့် ပွဲထွက်ခွင့်ရရှိလာဖွယ်ရှိနေသည်။



## ၂၀၀၉ နောက်ပိုင်း ရီးယဲလ်အတွက် ဟက်ထရစ်ဂိုးသွင်းယူနိုင်သည့် ပထမဦးဆုံး စပိန်ကစားသမားဖြစ်လာတဲ့ မိုရာတာ



ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး မိုရာတာသည် လီဂါနက်စ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူနိုင်ခဲ့သည့် ပွဲစဉ်တွင် ဟက်ထရစ်ဂိုး(သုံးဂိုး) သွင်းယူနိုင်ခဲ့သဖြင့် တိုက်စစ်မှူး ရာအူးလ်နောက်ပိုင်း ရီးယဲလ်အတွက် ဟတ်ထရစ်ဂိုးသွင်းယူနိုင်သည့် ပထမဦးဆုံး စပိန်ကစားသမားဖြစ်ခွင့်ရလာခဲ့သည်။ ၂၀၀၉ ခုနှစ်ဧပြီလတွင် အသင်းခေါင်းဆောင်ဟောင်း ရာအူးလ်မှာ ရီးယဲလ်အတွက် ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် စပိန်လူမျိုး ကစားသမားတစ်ဦးတစ်လေမျှ ရီးယဲလ်အတွက် ဟက်ထရစ်ဂိုးသွင်းယူနိုင်ခြင်းမရှိသည်မှာ ၁၀ စုနှစ်တစ်ခုနီးပါး ကြာမြင့်နေပြီဖြစ်သည်။

လီဂါနက်စ်နှင့် ပွဲစဉ်သည် မိုရာတာအတွက် ယခုနှစ်ရာသီ ၁၀ ပွဲမြောက် ပွဲထွက်ကစားခွင့်ရသည့် ပွဲစဉ်ဖြစ်ခဲ့ပြီး အဆုံးသတ်ပိုင်း ယုံကြည်မှုအပြည့်ဖြင့် ကစားနိုင်သည့် သူ၏ စွမ်းဆောင်ရည်ကို သက်သေထူနိုင်ခဲ့သည်။ ရီးယဲလ်ဂွေ့ဝင်ကစားသမား ရာအူးလ်သည် ၂၀၀၉ ခုနှစ် ဧပြီလ ဆီဗီလာအသင်းဘက်ကို ဟတ်ထရစ်ဂိုး သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ နည်းပြ ဇီဒန်းက အဆိုပါပွဲစဉ်တွင် စီရိုနယ်ဒိုနှင့် ဂါရတ်ဘေးလ်တို့ကို ချန်လှပ်ခဲ့သလို ဘင်ဇီမာကိုလည်း လူစားဝင်ကစားသမားအဖြစ်ပင် အသုံးမပြုခဲ့ပေ။ ရီးယဲလ်သည် ဧပြီ ၈ ရက်တွင် အက်သလက်တီကိုကို အိမ်ကွင်းတွင် ဧည့်ခံကစားရမည်ဖြစ်ပြီး ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဧပြီ ၁၃ နှင့် ၁၉ ရက်တို့တွင် ဘိုင်ယန်မြူးနစ်အသင်း၊ ၁၅ ရက်တွင် ဂီဂျွန်၊ ၂၄ ရက်တွင် ဘာစီလိုနာတို့ကို ရင်ဆိုင်ရမည် ဖြစ်သည်။

မေလှဲ့သင်း - စုစည်းသည်။

## ယခုနှစ် ပရီမီယာလိဂ်ဖလားကို လုံးဝလက်လျှော့ရပြီဟု ဂွါဒီယိုလာဝန်ခံ

ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီး ပရီမီယာလိဂ်ချန်ပီယံ လုံးဝမဖြစ်နိုင်တော့ဘဲ ချန်ပီယံပြိုင်ပွဲလမ်းကြောင်းတွင် ချယ်လ်ဆီးနှင့် စပါးအသင်းတို့သာရှိတော့သည်ဟု မန်စီးတီးနည်းပြ ဂွါဒီယိုလာက ဝန်ခံစကားဆိုလိုက်ပြီဖြစ်သည်။ မန်စီးတီးအသင်းသည် အာဆင်နယ်ကို နှစ်ဂိုးစီသရေကျခဲ့သည့် ပွဲစဉ်အပြီး လေးရက်အကြာမှာပင် ချယ်လ်ဆီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ပြီးနောက် လက်ကျန်ရှစ်ပွဲကစားရန် ကျန်ရှိချိန်တွင် ဇယားထိပ်ရှိ ချယ်လ်ဆီးနှင့် ၁၄ မှတ်အထိ ကွာဟသွားခဲ့ပြီဖြစ်သည်။

ယခုနှစ် အသင်းကြီးအချင်းချင်း ထိပ်တိုက်တွေ့ဆုံမှုတွင် မန်စီးတီးသည် မန်ယူနှင့် အာဆင်နယ်ကို အနိုင်ရရှိသည်မှလွဲ၍ ချယ်လ်ဆီးကို နှစ်ကျော့လုံး အရေးနိမ့်ခဲ့သလို လီဗာပူးနှင့် စပါးတို့ကို ရင်ဆိုင်ရာတွင် တစ်ပွဲသရေ တစ်ပွဲရှုံး ရလဒ်များထွက်ပေါ်ခဲ့သည်။ ဂွါဒီယိုလာသည် မန်စီးတီးအတွက် ရာသီအစတွင် ၁၀ ပွဲဆက်အနိုင်ရလဒ်ကို ဖန်တီးနိုင်ခဲ့သော်လည်း ဆဲလ်တစ်ကို သုံးဂိုးစီသရေကစားနိုင်ခဲ့ပြီးနောက် ရလဒ်များ ဆက်တိုက်ကျဆင်းကာ အဲဗာတန်၊ လက်စတာအသင်းတို့ကိုပင် ဂိုးပြတ်အရေးနိမ့်ခဲ့သည်။ ဂွါဒီယိုလာသည် ချယ်လ်ဆီးနှင့် ပွဲမကစားမီကတည်းက ယခုနှစ်ဘောလုံးရာသီသည် သူ့အတွက် မအောင် မြင်သည့် ရာသီဖြစ်ပြီး ကွန်တီထံမှ လေ့လာစရာများကို သင်ယူဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ချယ်လ်ဆီးအသင်းကို ပထမအကျော့တွေ့ဆုံစဉ်က သုံးဂိုး-တစ်ဂိုး၊ ယခုလည်း နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ပြန်သည်။



# မုံရွာမြို့တွင် မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မုံရွာ မေ ၆**
၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ ထုံးတမ်းစဉ်လာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် သင်္ကြန်မဏ္ဍပ်များ စတင်ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်မဟာသင်္ကြန်ပွဲတော်တွင် မုံရွာမြို့၌ ဝန်ကြီးဌာနကိုယ်စားပြုဌာနဆိုင်ရာမဏ္ဍပ် ခုနစ်ခုရှိခဲ့ပြီး ယခုနှစ်တွင် ဝန်ကြီးဌာနအလိုက်ပေါင်းပြီး မဏ္ဍပ်သုံးခုသာထွက်ရှိမည်ဖြစ်ကြောင်းနှင့် အလှပြယာဉ်များလည်းပါဝင်မည်ဖြစ်ပြီး သံချပ်ပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"မုံရွာမြို့ရဲ့ ဒီနှစ်သင်္ကြန်မှာ မြို့တော်ခန်းမရှေ့ ဗိုလ်ချုပ်လမ်းမပေါ်မှာ ဗဟိုမဏ္ဍပ်တစ်ခု၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ လူမှုရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး ဗိုလ်ချုပ်လမ်းမပေါ်မှာရှိတဲ့ ပြာသာဒ်ကျောင်းရှေ့မှာ မဏ္ဍပ်တစ်ခု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ရုံးကြီးလမ်းမှာ မဏ္ဍပ်တစ်ခု၊ လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနက ကမ်းနားလမ်းမှာ မဏ္ဍပ်တစ်ခု စုစုပေါင်းလေးခုရှိမယ်။ နောက်ပြီး ရပ်ကွက်အလိုက် မဏ္ဍပ်ဆောက်ဖို့ လျှောက်ထားတာက အောင်မင်္ဂလာရပ်ကွက်က မဏ္ဍပ်နှစ်ခု၊ ဒေါနခြံရပ်ကွက်က တစ်ခုနဲ့ ရန်ကင်းရပ်ကွက်က မဏ္ဍပ်တစ်ခု တို့ရှိပါတယ်။ နောက်ပြီး အလှပြယာဉ် ငါးစီးလည်း ပြိုင်ပွဲဝင်ဖို့အတွက် အမည်စာရင်းပေးထားပါတယ်" ဟု မုံရွာမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ပြောသည်။

ယခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ပုဂ္ဂလိကရေကစားမဏ္ဍပ်များအပြင် ဗဟိုမဏ္ဍပ်တစ်ခု၊ ဝန်ကြီးဌာန ကိုယ်စားပြုမဏ္ဍပ်သုံးခု၊ မြို့နယ်နှင့်ရပ်ကွက်ကိုယ်စားပြုအလှပြယာဉ်များ ပါဝင်ကြမည်ဖြစ်ကြောင်း ရပ်ကွက်များတွင် အုန်းလက်မဏ္ဍပ်များလည်း ပိုမိုများလာနိုင်ကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

# ပဲခူးမြို့ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး International Enterprise Singapore မှ တာဝန်ရှိသူများလာရောက်တွေ့ဆုံ

**ပဲခူး မေ ၆**
ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ် ဧည့်ခန်းမ၌ မေ ၅ ရက် နံနက် ၁၁ နာရီက ပဲခူးမြို့ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးချုပ်ထံသို့ International Enterprise Singapore မှ Mr. Kow Juan Tiang, Group Director ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် International Enterprise Singapore မှ Mr. Kow Juan Tiang, Group Director က ပဲခူးဒေသသည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နယ်မြေအသစ်တစ်ခုဖြစ်ပြီး မကြာမီတည်ဆောက်တော့မည့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်ကြောင့် နိုင်ငံတကာသို့ ဝင်/ထွက် သွားလာနိုင်သည့် ဒေသတစ်ခုဖြစ်ပါကြောင်း၊ ယင်းလေဆိပ်တွင် ခရီးသည်တင်လေယာဉ်များအပြင် ကုန်တင်လေယာဉ်ကြီးများလည်း ဆင်းသက်လာမည်ဖြစ်၍ အဆင့်မြင့်ကုန်လှောင်ရုံများ၊ ၎င်းကုန်များကို လျင်မြန်စွာ ပြန်လည်စီးဆင်းသွားနိုင်ရန် လမ်းပန်းဆက်သွယ်ရေးလည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့မှ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တိုက်ရိုက်သွားနိုင်သည့် အဆင့်မြင့်ဟိုင်းဝေးလမ်းများလည်း ဖောက်လုပ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း တင်ပြဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်သည် နောင်(၃)၊ (၄)နှစ်တွင် ခရီးသွားများအတွက် နေရာထပ်မံချဲ့ထွင်ရန် အဆင်မပြေနိုင်သဖြင့် အခက်အခဲရှိလာနိုင်၍ ပဲခူးမြို့ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ နေ့စဉ် ပဲခူးဒေသအပေါ် နိုင်ငံတကာ လေကြောင်း လိုင်းမှ လေယာဉ်အစီးရေ ၇၀၀ ကျော်ခန့် ဖြတ်သန်းသွားလာလျက်ရှိကြောင်း၊ မကြာမီ သီလဝါရေနက်ဆိပ်ကမ်းမှ ပဲခူးဒေသသို့ ဖြတ်သန်းသွားမည့် အဆင့်မြင့် ဟိုင်းဝေးလမ်းမကြီးများ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း၊ လေဆိပ်စီမံကိန်းကြောင့် စက်မှုဇုန်များ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍများ၊ ဟိုတယ်ဇုန်များ၊ နိုင်ငံတကာအဆင့်မီမြို့တော်စီမံကိန်း စသည်တို့ ထပ်မံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုလို ပဲခူးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လာရောက်အကြံပြု တင်ပြပေးခြင်းအပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ အတွင်းရေးမှူး ဦးတိုးဝင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**တင်စိုး (ပဲခူး)**

# စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ဆောမြို့နယ်၌ စည်းဝေး

**မကွေး မေ ၆**
မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း (CDD) မှ မြို့နယ်အတွင်းရှိ ကျေးရွာများတွင် စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်ရန် မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီ အစည်းအဝေးကို မေ ၅ ရက် နံနက်ပိုင်းက ယောမင်းကြီးဦးဖိုးလှိုင်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးပွဲသို့ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်မည့် ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာစီမံကိန်းကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီး ယခုကျင်းပသော ဒုတိယအကြိမ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေးတွင် ကျေးရွာအုပ်စု ၁၉ အုပ်စုမှ ကျေးရွာပေါင်း ၆၀ မှ စီမံကိန်း လုပ်ငန်းခွဲ ၆၁ ခုအား ဆောင်ရွက်ရန် စိစစ်အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

ဆောမြို့နယ်အတွင်း ကျေးရွာပေါင်း ၁၁၈ ရွာရှိပြီး ယခု စီမံကိန်း ပထမနှစ်စက်ဝန်းတွင် ကျေးရွာ ၁၁၅ ရွာ၌ စီမံကိန်းလုပ်ငန်းခွဲပေါင်း ၁၃၄ ခုအား အကောင်အထည်ဖော် ဆောင်ရွက်သွားဖြစ်သည်။

**မြတ်သူရိန်**

# ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရအကြား ညှိနှိုင်းချိတ်ဆက်

**စစ်တွေ မေ ၆**
ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရအကြား ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းမှုရှိစေရေးရှင်းလင်းပွဲ အခမ်းအနားကို မေ ၅ ရက် နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ဝင်းက ယနေ့ဆွေးနွေးမည့် အကြောင်းအရာ ခေါင်းစဉ်ခုနစ်မျိုးရွေးချယ်ထားပါကြောင်း၊ စီမံကိန်းဆိုင်ရာ ကိစ္စရပ်များ၊ ဘတ်ဂျက်ဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအကြား တာဝန်နှင့် လုပ်ပိုင်ခွင့် ခွဲဝေမှုဆိုင်ရာ ကိစ္စရပ်များ၊ ဝန်ထမ်းရေးရာ ကိစ္စရပ်များ၊ မြေနှင့်သစ်တောဆိုင်ရာကိစ္စရပ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များတွင် စီမံခန့်ခွဲမှုစည်းမျဉ်းဥပဒေနှင့် ရုံးလုပ်ငန်းလုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

တက်ရောက်လာကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနဆိုင်ရာများမှ ပြည်ထောင်စုနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ မရှင်းလင်းသည့်အချက်များ၊ သိရှိလိုသည့်အချက်များအား မေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရခိုင်ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# မြန်မာ့ပုန်းရည်ကြီးအား ကမ္ဘာ့ဟင်းလျာအဖြစ် တင်ပို့ဖြန့်ချိနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်

**မန္တလေး မေ ၆**
မြန်မာနိုင်ငံတွင် ပုဂံဒေသတစ်ခုတည်းမှသာ ထုတ်လုပ်ထွက်ရှိသော မြန်မာ့ပုန်းရည်ကြီးကို ယခုအခါ မြန်မာ့ဟင်းလျာအဆင့်မှ ကမ္ဘာ့ဟင်းလျာအဖြစ် တင်ပို့ဖြန့်ချိနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက ပြောကြားသည်။

အဆိုပါ ပုန်းရည်ကြီးကို ပြည်ပပို့ကုန်အဖြစ်ဆောင်ရွက်မည်ဆိုပါက ပထမဦးစွာ ပြည်တွင်းစားသောက်မှုလုံလောက်စွာ ထုတ်လုပ်နိုင်ရန် အဓိက ကုန်ကြမ်းဖြစ်သည့် ပဲပိစပ်ကို တိုးမြှင့်စိုက်ပျိုးရမည့်အပြင် မြန်မာ့ရိုးရာထုတ်လုပ်မှုနည်းစနစ်အစား ခေတ်မီစက်ကိရိယာများ အသုံးပြု၍တိုးချဲ့ထုတ်လုပ်ရန်လိုအပ်ကြောင်း သိရသည်။

"ပုန်းရည်ကြီးကတော့ မြန်မာနိုင်ငံမှာ လူတိုင်းကြိုက်နှစ်သက်တဲ့ အစားအစာတစ်ခုဖြစ်တယ်။ ဟိုတယ်တွေနဲ့ စားသောက်ဆိုင်ကြီးတွေမှာတောင် အစားအသောက်မှာယူတဲ့ စာရင်းမှာ ထည့်သွင်းလာကြတဲ့အပြင် ပုန်းရည်ကြီးနဲ့ တွဲဖက်ပြီး ဝက်သားပုန်းရည်၊ ပုန်းရည်ကြီးခေါက်ဆွဲနဲ့ ပုန်းရည်ကြီးထမင်းသုပ်တွေအထိ တီထွင်ပြီး စားသောက်လာနေကြပါပြီ။ ကိုရီးယားနိုင်ငံက ကင်ချီလို မြန်မာမှာပုန်းရည်ကြီးက နာမည်ကြီးအစားအစာတစ်ခုဖြစ်လာနေပါပြီ"ဟု ၎င်းက ပြောသည်။

"ဒီလိုအဆင့်မြှင့် ထုတ်လုပ်ဖို့ကို လုပ်ငန်းရှင်တွေဘက်က စိတ်ဝင်စားမယ်ဆိုရင် ကျွန်မတို့က ဘဏ်တွေနဲ့ ချိတ်ဆက်ပြီး ချေးငွေတွေရယူပေးသွားမယ်။ စိုက်ပျိုးရေးထုတ်ကုန်အတွက် စိုက်ပျိုးရေးကဏ္ဍနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောဆိုသည်။



လက်ရှိတွင် ပုန်းရည်ကြီးကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုဂံ၊ ညောင်ဦးဒေသတွင် အဓိကထုတ်လုပ်သည့်အပြင် ငါးသရောက်၊ မြင်းခြံနှင့် ချောက်မြို့နယ်တို့မှ ထွက်ရှိသော်လည်း လူသိနည်းပါးကြောင်း သိရသည်။

ပုန်းရည်ကြီးတွင် အဓိကလိုအပ်သော ကုန်ကြမ်းဖြစ်သည့် ပဲပိစပ်ကို နေပြည်တော်၊ ပျဉ်းမနားနှင့် သာဝတ္တိတို့မှ အဓိကထွက်ရှိပြီး ပခုက္ကူ၊ ညောင်ဦးနှင့် မြင်းခြံတို့မှ အနည်းငယ်သာထွက်ရှိကြောင်း သိရသည်။

ငွေနဂါးပုန်းရည်ကြီးလုပ်ငန်းရှင် ဦးအောင်ကိုကိုက "လက်ရှိမှာ ပဲပိစပ်ကို နေပြည်တော်အထိသွားဝယ်ရတဲ့အတွက် ဈေးကွက်အခြေအနေနဲ့ သယ်ယူစရိတ်တွေက အခက်အခဲရှိတယ်။ ကျွန်တော်တို့ ညောင်ဦးနယ်ထဲမှာပဲ လုံလုံလောက်လောက်ထွက်ရှိမယ်ဆိုရင် အဆင်ပြေနိုင်တယ်။ မိရိုးဖလာ ထုတ်လုပ်နည်းကနေ ခေတ်မီစက်ကိရိယာအကူအညီနဲ့ တိုးချဲ့ထုတ်လုပ်ချင်ပေမယ့် ငွေကြေးအခက်အခဲတွေရှိနေတယ်" ဟု ပြောသည်။

ပုန်းရည်ကြီးလုပ်ငန်းကို ၁၂ လရာသီ ထုတ်လုပ်ရောင်းချလျက်ရှိသော်လည်း အဓိကအားဖြင့် ခရီးသွားရာသီလများတွင် ပိုမိုရောင်းချရပြီး မြန်မာနိုင်ငံ အနှံ့အပြားသို့လည်း တင်ပို့ရောင်းချမှုများရှိကြောင်းနှင့် လက်ရှိတွင် ပုန်းရည်ကြီးလုပ်ငန်းများအနက် မြင်းပျံပုန်းရည်ကြီးလုပ်ငန်းတစ်ခုတည်းသာ ခေတ်မီစက်ကိရိယာများဖြင့် တိုးချဲ့ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

Ekxtwmfvnfqmufmwif Ekxtwmfcyfcjcm tmPm\ cufoljmzpfonf 0ya'jya&;? tkyfcyf&;? w&m;pD&if&;[bnfr@dkifBD;tkifcjcif; tjyefvef xekaumif;aqmifuGufbnf[ kqkdxm;&m 0ya'qkdif&m taMumif;t&m;rsm;udk jynfolrsm; odvmEdkifekef pma&;olarmifpm*\ 0ya'ESifhqkdifaom aqmif;yg;rsm;udk tywfpOf azmfjyay;oG m;yrnfaqmif;yg;wGifygaom taMumif;t&m;rsm;onf pma&;ol\ tmabmfonfjzpfonf (pmwnf;tzGJU)



# နှစ်ဟောင်းကုန်၍ နှစ်သစ်ကိုကြို

**မောင်စာဂ**

မဟာသင်္ကြန်ပွဲတော်ကြီး နီးကပ်လာနေပြီ။ နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးပြန်တော့မည်။ ဒီတစ်နှစ်မှာတော့ ဝမ်းသာမှုများ၊ ကျေနပ်မှုများ၊ ပီတိဖြစ်မှုများနှင့်အတူ ကုန်ဆုံးသွားရတော့မှာပါလားလို့ ခံစားမိသည်။ ဘာကြောင့်ပါနည်း။ ဘဝတစ်လျှောက်၊ ဝန်ထမ်းတစ်ယောက်အနေနှင့် မိမိတွေ့ကြုံသိရှိလာရသည့် ဥပဒေပညာ၊ ဥပဒေလင်္ကာ၊ ဥပဒေအသိ၊ ဥပဒေအမြင်၊ ဥပဒေစကား၊ ဥပဒေ စိတ်ထား၊ ဥပဒေဗဟုသုတ အဝဝတို့ကို မျှဝေပေးနိုင်ခဲ့၍ဖြစ်သည်။

**ဆောင်းပါးများရေးသားခွင့်**

ဤသို့မျှဝေခွင့်ရမည်ကို မမျှော်မှန်းမိခဲ့ပါ။ ဥပဒေဆောင်းပါး လေး၊ ငါး၊ ခြောက်ပုဒ်ခန့် နေ့စဉ်ထုတ်ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများတွင် ရေးသားပေးပို့ခဲ့သည်။ သတင်းစာများတွင် ဖော်ပြခံခဲ့ရသည်။ ကံအားလျော်စွာပင် သောကြာနေ့ တစ်နေ့တွင် ကြေးမုံသတင်းစာ၌ ဤသို့ဖော်ပြပါရှိလာသည်ကို ဖတ်လိုက်ရသည်။

"နိုင်ငံတော် တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူမောင်စာဂ၏ ဥပဒေနှင့် စပ်ဆိုင်သော ဆောင်းပါးများကို အပတ်စဉ်ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)"ဟူ၍ ဖြစ်သည်။

အံ့အားသင့်မိသည်။ ထပ်ခါတစ်လဲလဲဖတ်ပြီးရင်းဖတ်ကြည့်မိသည်။ ဝမ်းသာမိသည်။ ပီတိတွေဖြစ်ရသည်။ တစ်ဆက်တည်း စိုးရိမ်သလိုလို၊ ပူပန်သလိုလို မသိစိတ်တွင် ခံစားမိလာပြန်သည်။ "ငါ အပတ်စဉ်ရေးမှ ရေးနိုင်ပါ့မလား" အတွေးတွေက ပေါ်လာသည်။ တစ်ပြိုင်တည်းဆိုသလို အားတင်းလိုက်သည်။"ဒါဟာတာဝန်တစ်ရပ်ပဲ၊ ဒီတာဝန်ဟာကောင်းတဲ့တာဝန်၊ မွန်မြတ်တဲ့တာဝန်ပဲ။ ပြည်သူတွေကပေးတဲ့တာဝန်ပဲ။ ဒီတာဝန်ကို မပျက်မကွက် ကြိုးစားထမ်းဆောင်သွားမယ်ဆိုပြီး ဆုံးဖြတ်ချက်သန္နိဋ္ဌာန် ခိုင်ခိုင်မာမာ ချလိုက်မိသည်။

**သစ္စာမေတ္တာနှင့်အတူ**

ဘုရားခန်းထဲဝင်သွားသည်။ ဆီးမီးပူဇော်သည်။ သောက်တော်ရေကပ်သည်။ ငါးပါးသီလ ခံယူသည်။ ပြီးတော့ "အရှင်ဘုရား တပည့်တော်သည် သိရှိနားလည်မှတ်သားထားမိခဲ့သမျှ ဥပဒေအသိပညာဗဟုသုတများကို မျှဝေသွားပါမည်ဘုရား။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မထိခိုက်စေရပါဘုရား။ အစွဲအလမ်းကင်းစွာနှင့် ရေးသားသွားပါမည်ဘုရား။ ပြည်သူပြည်သားများ၏ ကောင်းကျိုးချမ်းသာ၊ နိုင်ငံတော်၏ ကောင်းကျိုးချမ်းသာ အဖြာဖြာတို့ကို ဦးတည်ရှေ့ရှုကာ ရေးသားသွားပါမည်ဘုရား။ အရှင်ဘုရား ဟောမိန့်ကြားခဲ့သည့် စကားကြီး ခြောက်ခွန်းထဲမှ မပြောသင့်သော စကားကြီးလေးခွန်းကို ဖယ်ရှားပြီး ပြောသင့်ပြောထိုက်သော စကားကြီးနှစ်ခွန်းကို ဦးထိပ်ပန်ဆင်လျက် ရေးသားသွားပါမည်ဘုရား။ ဤမှန်ကန်သော သစ္စာစကား တည်ခြင်းဖြင့် အောင်မြင်မှုရရှိပါစေဘုရား။ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေ အမြဲတစေ စောင့်ရှောက်နိုင်ပါစေ ဘုရား"။ ပြီးတော့မေတ္တာပို့၍ အမျှပေးဝေခဲ့သည်။

**စာရေးရတာကြည်နူးစရာပါ**

ဆောင်းပါးတွေရေးပါတော့သည်။ ဆောင်းပါးတစ်ပုဒ်ရေးရင်း နောက်ထပ်ဆောင်းပါးတစ်ပုဒ်ကပေါ်လာသည်။ တစ်ပြိုင်တည်း ဆောင်းပါးနှစ်ပုဒ်ကို ရေးမိသည်။ တစ်ခါတလေ ဆောင်းပါး သုံးပုဒ်ကို တစ်ပြိုင်တည်းပြီးအောင်ရေးခဲ့သည်များရှိခဲ့သည်။ အပတ်စဉ်ဖော်ပြပေးနိုင်ရေး အာရုံစူးစိုက်ရသည်။ ကျန်းမာရေးအခန့်မသင့်သည့်အခါ၊ အရေးတကြီးကိစ္စရပ်များပေါ်ပေါက်လာသည့်အခါ ပျက်ကွက်သွားမည်ကို စိုးရိမ်နေမိသည်။ ပျက်ကွက်မှုမရှိစေရအောင်ဆိုပြီး အမြဲတစေ သတင်းစာတိုက်တွင် ဆောင်းပါး လေး၊ ငါးပုဒ်ပို့ပြီးဖြစ်နေအောင်ရေးရသည်။ ပင်ပန်းပြီဟု မညည်းတွားမိခဲ့။ ရေးနေရတာ၊ ရေးနိုင်နေတာကိုပင် ဝမ်းသာကြည်နူးဖြစ်နေမိသည်။

**မဏ္ဍိုင်သုံးရပ်နှင့် ပြည်သူကိုဗဟိုပြု၍**

ရေးခဲ့ပြီးသမျှ ဆောင်းပါးများသည် တရားဥပဒေစိုးမိုးရေးကို ဦးတည်သည်။ မဏ္ဍိုင်ကြီး သုံးရပ်ဖြစ်သည့် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်ကြီးများကို ဗဟိုပြုသည်။ မဏ္ဍိုင်ကြီးသုံးရပ်တွင် တာဝန်ထမ်းဆောင်နေရသူများ၏ အခန်းကဏ္ဍ၊ ပြည်သူ ပြည်သားများ၏ အခန်းကဏ္ဍ၊ မြင့်မားတိုးတက်လာရေးကို ရှေးရှုသည်။ ရေးပြီးသမျှ ဆောင်းပါးတွေကို အားသည့်အခါတိုင်း ပြန်၍ပြန်၍ ဖတ်ရှုမိသည်။ ဘာကြောင့်ရယ်မသိ။ အချို့ အချို့သော ဆောင်းပါးများမှာ မိမိရေးခဲ့သည့် ဆောင်းပါးဟုတ်မှ ဟုတ်ပါလေစဟု စိတ်တွင် ခံစားပေါ်ပေါက်မှု များဖြစ်ရသည်။ ရေးပြီးသမျှ ဆောင်းပါးများထဲမှ အဓိကအရေးပါသည်ဟု ထင်မြင်ရသည့် ဆောင်းပါးအချို့ကို မြင်ယောင်နေမိသည်။

ဥပဒေပြုရေးမဏ္ဍိုင်

ဥပဒေပြုရေးမဏ္ဍိုင်၊ မယိမ်းမယိုင် ထာဝစဉ်ခိုင်မာအားကောင်းနေစေရေး၊ ဥပဒေပြုသူကောင်းများ ပေါ်ထွန်းလာစေရေး၊ ဥပဒေကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာစေရေး ရည်ရွယ်ဦးတည်လျက် ရေးသားခဲ့သော ဆောင်းပါးအမည်မှာ ဤသို့ပင်။

(က) ဥပဒေပြုသူကောင်းများပိုမိုဖြစ်ထွန်းစေရေးနှင့် ဥပဒေပြုရေးမဏ္ဍိုင် ကြံ့ခိုင်စေရေး၊
(ခ) ဥပဒေကြမ်းများ ပြုစုခြင်းနှင့် ဥပဒေကောင်းများဖြစ်ပေါ်လာရေး၊
(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဓိပ္ပာယ် သဘောကောက်ယူရာဝယ်၊
(ဃ) ဥပဒေများ၏ အဓိပ္ပာယ်သဘော ကောက်ယူရာဝယ်၊
(င) ဥပဒေတစ်ခုဖတ်ရှုသောခါ၊
(စ) တရားဥပဒေစိုးမိုးရေးနှင့် မဏ္ဍိုင်ကြီးများအပြန်အလှန်ထိန်းညှိရေး။

**အုပ်ချုပ်ရေးမဏ္ဍိုင်**

အုပ်ချုပ်ရေးမဏ္ဍိုင်ကြံ့ခိုင်စေရေး၊ ကောင်းသောအုပ်ချုပ်ရေး သန့်ရှင်းသောအစိုးရ ဖြစ်ထွန်းစေရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ရည်ရွယ်ဦးတည်လျက် ရေးသားခဲ့သော ဆောင်းပါးများမှာ ဤသို့ပင်-

(က) အစိုးရနှင့်အုပ်ချုပ်ရေးမဏ္ဍိုင်၊
(ခ) အုပ်ချုပ်ရေးအာဏာကိုထိန်းကျောင်းခြင်း၊
(ဂ) ဥပဒေဖြင့် အုပ်စိုးခြင်း (Rule by Law)နှင့် တရားဥပဒေစိုးမိုးခြင်း (Rule of Law)၊
(ဃ) အုပ်ချုပ်သူနှင့်ပြည်သူ ကြည်ကြည်ဖြူဖြူရှိကြမှသာလျှင်၊
(င) တာဝန်ယူမှုနှင့် တာဝန်ခံမှု (Responsibility and Accountability)၊
(စ) တာဝန်သိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှု အပြည့်အဝရှိမှ အခြေခံအုတ်မြစ်ခိုင်မာမည်၊
(ဆ) တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေး၊
(ဇ) အဂတိကင်းသည့် ငြိမ်းချမ်းသာယာသော လူ့ဘောင်လောကသို့။

**တရားစီရင်ရေးမဏ္ဍိုင်**

တရားစီရင်ရေးမဏ္ဍိုင် မတိမ်းမစောင်းရေး၊ တည့်မတ်မှန်ကန်ရေး၊ တရားမျှတရေးတို့ကို ရည်ရွယ်ဦးတည်လျက် ရေးသားခဲ့သော ဆောင်းပါးများမှာ ဤသို့ပင်-

(က) တရားသူကြီးနှင့်တရားစီရင်ရေးမဏ္ဍိုင်၊
(ခ) တရားသူကြီးကောင်းတို့ဟူသည်၊
(ဂ) ဥပဒေနှင့်ဆင်ခြင်တုံတရား၊
(ဃ) တရားခွင်နှင့်ရှေ့နေ (Bench and Bar)၊
(င) စီရင်ထုံးတစ်ခုထုံးပြုရာတွင်
(စ) စီရင်ထုံးများသည် ဥပဒေပြဋ္ဌာန်းချက်ဖြစ်ပါသည်လော၊
(ဆ) စီရင်ထုံးများသည် ဥပဒေ၏ အကိုင်းအခက်အဖူးအညွှန့်များသည်သာ၊
(ဇ) ဥပဒေအရာရှိကောင်းတို့ဟူသည်၊
(ဈ) တရားဥပဒေစိုးမိုးရေးနှင့် ရှေ့နေရှေ့ရပ်ကောင်း၊
(ည) ရှေ့နေကောင်းနှင့် ဥပဒေသော့တစ်ချောင်း၊
(ဋ) အစိုးရလိုက်ပါ ဆောင်ရွက်သောအမှုတွင် ရှေ့နေတစ်ဦးအား ငှားရမ်းလိုက်ပါဆောင်ရွက်စေခဲ့သော်။

**ပြည်သူ့မဏ္ဍိုင်**

ပြည်သူပြည်သားများ ဥပဒေအသိပညာ ဗဟုသုတများရရှိစေရေး၊ တရားဥပဒေစိုးမိုးမှုဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်လာစေရေး ရည်ရွယ်ဦးတည်လျက် ရေးသားခဲ့သော ဆောင်းပါးများမှာ ဤသို့ပင်-

(က) ဥပဒေစကားနှင့် ဥပဒေစိတ်ထား၊
(ခ) တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီ ဖြစ်ထွန်းရေးနှင့် နိုင်ငံရေးပါတီများ၊
(ဂ) ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာလွန်ချမ်းသာ၊
(ဃ) အဓမ္မမှသည်ဓမ္မဆီသို့၊
(င) လွတ်လပ်စွာရေးသားပြောဆိုနေထိုင်ကြသည် ဆိုရာတွင်၊
(စ) အသက်တစ်ရာမနေရ အမှုတစ်ရာတွေ့ရ၊
(ဆ) အပြောရယ်၊ အလုပ်ရယ်၊ စေတနာရယ်၊
(ဇ) ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

တစ်ခါတစ်ခါတွင် ပြည်သူတို့ ဥပဒေသတိရှိစေဖို့ ဤသို့သော ဆောင်းပါးမျိုးကိုလည်း ရေးဖြစ်ခဲ့သည်-

(က) ဘီနာမီ (ခ) အမည်ခံ၊ အမည်ငှားစနစ်ဖြင့် အရောင်းအဝယ်ပြုကြရာတွင်
(ခ) မေတ္တာဖြင့် ပေးကမ်းခြင်း (Gift) ပြုကြရာတွင်။

**ဆောင်းပါးစုစာအုပ်ငယ်**

မိမိရေးသားခဲ့သော ဆောင်းပါးများကို နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြမှုပြုခဲ့ရုံနှင့် အားမရနိုင်၊ အမြတ်အစွန်းရဖို့ မရည်ရွယ်၊ စာပေဒါနသဖွယ်၊ ဆောင်းပါး ၁၇ ပုဒ်ကို စုပေါင်း၍ "တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေစကား၊ ဥပဒေစိတ်ထား"၊ ဆောင်းပါး ၁၈ ပုဒ်ကို စုပေါင်း၍ "အမှန်တရားနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများ၏အခန်းကဏ္ဍ" အမည်ပေးကာ စာအုပ် နှစ်အုပ်ပုံနှိပ်ထုတ်ဝေ ဖြန့်ဖြူးခဲ့သည်။

ဆောင်းပါးအသီးသီးတွင်ပါရှိသော မိမိ၏ဥပဒေအသိ၊ ဥပဒေအမြင်ဆိုင်ရာ စကားစုလေးများသည် စာရှုသူတို့အတွက် တစ်စုံတစ်ခု တွေးဆဆင်ခြင်ဖွယ်ရာ အသိဖလှယ်ရာဖြစ်ပါက ပီတိဖြစ်ရမည်မှာ အမှန်ပါ။ အကယ်၍များ တစ်စုံတစ်ခုအငြင်းပွားဖွယ်ရာ မနှစ်သက်ဖွယ်ရာများတွေ့ရှိလာပါက မိမိ၏အားနည်းချက်သာဖြစ်ပါမည်။ မိမိကြိုးစားသွားပါမည်။

**ကျေးဇူးစကားဆိုပါရစေ**

ကျေးဇူးစကားဆိုပါရစေဦး။ မိမိ၏ဆောင်းပါးများကို ဖတ်ရှုကာ ဝေဖန်မှုများ၊ အကြံပြုချက်များ၊ အားပေးမှုများ ပြုလုပ်သည့်အတွက် ကျေးဇူးတင်ရှိနေပါသည်။ ဆက်လက်၍လည်း ဝေဖန်သုံးသပ်အကြံပြုမှုများ၊ အားပေးမှုများကို စေတနာဖြင့် ကြိုဆိုနေပါမည်။ အထူးသဖြင့် ကြေးမုံသတင်းစာ၏ စာတည်းအဖွဲ့ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်လျက်ရှိသည်ကို ထုတ်ဖော်လိုက်ပါရစေ။

ဤသို့ဖြင့် ပြီးခဲ့သည့် ဝမ်းမြောက်ဝမ်းသာကြည်နူးမှုများဖြင့် ကုန်ဆုံးသွားသည်ကို ရင်ထဲခံစားရမိသမျှ ဖွင့်ဟလိုက်ရခြင်းသာပါ။

ရှေ့ဆက်ပါဦးမည်။ နှစ်သစ်ကို စိတ်သစ်၊ ကိုယ်သစ်၊ အင်အားသစ်များဖြင့် ကြိုကြပါဦးမည်။

လာမည့်နှစ်သစ်အတွက် စိတ်သစ်ကိုယ်သစ်မွေး၍ သစ်လွင်လန်းဆန်းသော ဆောင်းပါးများကို ရေးသားသွားဖို့ ကိုယ်အားဉာဏ်အား၊ စွမ်းအားများစိုက်ထုတ်သွားပါဦးမည်။ ပြည်သူတွေက ပေးအပ်လာသည့် တာဝန်တစ်ရပ်ဟူ၍ ရင်ထဲတွင် စွဲစွဲမြဲမြဲမှတ်ယူကာ ပြည်သူ ပြည်သားများ၏ ကောင်းကျိုးချမ်းသာများ၊ နိုင်ငံတော်၏ ကောင်းကျိုးချမ်းသာများကို ဖြစ်ထွန်းစေဖို့ ကြိုးစားရေးသားသွားပါမည်။

နှစ်သစ်မင်္ဂလာသည့်ချိန်ခါတွင် တရားဥပဒေစိုးမိုးခြင်းဖြင့် နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ပါစေ။

ဥပဒေဘောင်အတွင်းနေထိုင်ခြင်းဖြင့် ပြည်သူအများ ဘေးရန်ကင်းကွာ စိတ်ချမ်းသာ၍ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ။

## သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

၂၀၁၆ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၅၉ မှုဖြစ်ပွားခဲ့ကာ ဒဏ်ရာရ ၈၃၈ ဦး၊ သေဆုံး ၁၃၂ ဦးရှိခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်းမပြုရ။
၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်းမပြုရ။
၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်းမပြုရ။
၄။ ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
၅။ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်းမပြုရ။
၆။ ယာဉ်ကြောပြောင်းပြန် စီးနင်းမောင်းနှင်ခြင်းမပြုရ။
၇။ ထော်လာဂျီကဲ့သို့ အနှေးယာဉ်များကိုအသုံးပြု၍ ရေကစားခြင်းမပြုရ။
၈။ မော်တော်ဆိုင်ကယ်များ အိတ်ဇောပိုက်ဖြုတ်၍စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင်တွန့်ခေါက်၍စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲ စီးခြင်းများ မပြုရ။
၉။ သံစုံဟွန်းများ တပ်ဆင်ကာအသုံးမပြုရ။
၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြားမသင့်လျော်သော ပစ္စည်းများ ရေးသားချိတ်ဆွဲ၍ မောင်းနှင်ခြင်းမပြုရ။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# မှတ်တမ်းတင်ဂုဏ်ပြုခြင်း

၂၀၁၆-၂၀၁၇ခုနှစ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကောက်ခံရန် လျာထားချက်အား အခွန်ထမ်းပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွန်ထမ်းဆောင်လိုသည့် စိတ်ဓာတ်ဖြင့် နိုင်ငံ့တာဝန် အခွန်ပေးဆောင်ခြင်းကို ကျေပွန်စွာ ဆောင်ရွက်ခဲ့ခြင်းကြောင့် ၃၀-၃-၂၀၁၇ ရက်တွင် လျာထားချက်အတိုင်း ပြည့်မီကျော်လွန်စွာ အခွန်အရပ်ရပ်ကို ပေးဆောင်ခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ၊ ကုမ္ပဏီများ၊ တစ်သီးပုဂ္ဂလ လုပ်ငန်းရှင်များ၏ နိုင်ငံတော်နှင့် ပြည်သူ့အပေါ် အခွန်တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုအပေါ် အထူးလေးစား ဂုဏ်ယူဝမ်းမြောက်ကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**




### “အများသိစေရန် အသိပေးကြေငြာချက်”

ကျွန်မဒေါ်မြင့်မြင့်ကြည်(P/RGN-၀၀၉၂၀၇)ကိုင်ဆောင်သူမှ ဒေါ်ဖြူဖြူဝင်း(၁၂/တမန(နိုင်)၀၇၇၄၄၆)ကန်ထရိုက်တာနှင့်အမှတ်(၂၀၇)၊ယမုံနာ(၁)လမ်း၊ ယမုံနာ (၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်ရှိ အိမ်နေရာဟောင်းအား အခန်းပေးအခန်းယူစနစ်ဖြင့်ဆောက်လုပ်ရန်(၂၁.၂.၂၀၁၃)နေ့တွင်စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ကန်ထရိုက်တာသည် တစ်ပိုင်းတစ်စဖြင့် ဆက်လက်မဆောက်လုပ်ဘဲ ရပ်စဲနေသည်မှာ(၃)နှစ်ကျော်ရှိပြီးအကြိမ်ကြိမ်ဆက်သွယ်သော်လည်းဆက်သွယ်၍မရပါ။ ကန်ထရိုက်တာ၏ ပျက်ကွက်မှုကြောင့် အထက်ဖော်ပြပါချုပ်ဆိုခဲ့သောစာချုပ်သည် ပျက်ပြယ်ပြီးဖြစ်၍ ကန်ထရိုက်တာရောင်းခဲ့သော အခန်းသည် ကန်ထရိုက်တာနှင့်သက်ဆိုင်ပြီး မြေရှင်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း တာဝန်ယူသည်မဟုတ်ကြောင်းနှင့်(၂၅.၂.၂၀၁၃)ရက်နေ့တွင်ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်လွှဲအပ်ထားသည့်မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၂၃၇/၂၀၁၃)အားရုတ်သိမ်းလိုက်ကြောင်းကန်ထရိုက်တာသည် မြေရှင်/အိမ်ရှင်ဒေါ်မြင့်မြင့်ကြည်ထံမှရယူထားသည့်ငရန်မှုရင်းကို(၇)ရက်အတွင်းလာရောက်အပ်နှံပါရန် (သို့မဟုတ်ပါက) တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်းဤကြော်ငြာချက်ဖြင့်အသိပေးအကြောင်းကြားအပ်ပါသည်။

ဒေါ်မြင့်မြင့်ကြည် (P/RGN-၀၀၉၂၀၇)
အမှတ်(၂၀၇)၊ယမုံနာ(၁)လမ်း၊ယမုံနာ(၂)ရပ်ကွက်၊ဒေါပုံမြို့နယ်၊
ဖုန်း၀၉-၄၂၀၈၂၃၇၆

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၈၅)၊မြေကွက်အမှတ်(၉၄၆)၊မြေကွက်တည်နေရာအမှတ်(၉၄၆)၊(၈၅)ရပ်ကွက်၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ဦးအောင်ထွန်း(ခ) ဦးအုန်းလှိုင်(CF-၀၈၀၆၄၁)အမည်ပေါက်၊ပါမစ်မြေအားပါမစ်မြေအမည်ပေါက်ဦးအောင်ထွန်း(ခ)ဦးအုန်းလှိုင်ထံမှအရောင်းအဝယ်အရပ်ကတိစာချုပ်(၂-၄-၂၀၀၀)ရက်စွဲပါစာချုပ်ဖြင့်ဝယ်ယူသူဦးစောအောင်(ခ)ချော်မန်ဝါ(၁၂/ကတတ(ပြု)၀၀၀၂၂၇)မှပါမစ်မူရင်း၊အရောင်းအဝယ်အရပ်ကတိစာချုပ်တို့တင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာပါသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်(၈၅)၊မြေကွက်အမှတ်(၉၆၄)အားပါမစ်မြေအမည်ပေါက်ဦးဟန်ညွန့်(၁၂/ကမတ(နိုင်)၀၀၄၃၅၅)ကိုယ်တိုင်မှပါမစ်မူရင်းတင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားခဲ့သော်လည်းဂရန်ထုတ်ယူခဲ့သောအခါမြေကွက်အမှတ်(၉၆၄)ဖြင့်ထုတ်ပေးရမည့်အစားမြေကွက်အမှတ်(၉၄၆)ဖြင့်မှားယွင်းထုတ်ပေးခဲ့ပါသဖြင့်ဦးဟန်ညွန့်အားမြေကွက်အမှတ်အမှန်ပြင်ဆင်ရန်အတွက်(၃)ကြိမ်အကြောင်းကြားပြီးဖြစ်သော်လည်းဌာနသို့လာရောက်ဆက်သွယ်ခြင်းမရှိပါသဖြင့်ဦးဟန်ညွန့်အမည်ဖြင့်ထုတ်ပေးခဲ့သောအမှတ်စွဲအမှတ်၊ဒဂဆက/သစ-၂၉၃၅/၀၈ဖြင့်ထုတ်ပေးခဲ့သောဂရန်မူရင်းစာအုပ်နှင့်မြို့မြေစာရင်းတို့တွင်မြေကွက်အမှတ်(၉၄၆)အစားမြေကွက်အမှတ်(၉၆၄)ဟုပြင်ဆင်မှတ်သားပြီးဖြစ်ပါသည်။အရပ်စာချုပ်ဖြင့်ဝယ်ယူသူဦးစောအောင်(ခ)ချော်မန်ဝါ၏ပါမစ်မူရင်းတင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအားတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်၊

လှည်းကူးမြို့၊ ရန်ကုန်-ပဲခူး လမ်းမအနီး၊ပေ ၄၀ X ပေ ၆၀ (၆၅)သိန်း ညှိနှိုင်း
09-795481505,09-771408547

### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

*လှိုင်-ရတနာလမ်း (၁၂ခွဲx၅၀ပေ) (၄)လွှာ၊ Hall ပါကေး၊ ကြွေပြားပြည့် ဘိုထိုင်(ပြင်ဆင်ပြီး) ၂၆၀ သိန်း

*လှိုင်-သံလမ်း-လမ်းသွယ်(မြေညီ) (၁၂ခွဲx၅၅ပေ)၊ အိပ်ခန်း(၂)ခန်း-အလုံးစုံပြင်ဆင်ပြီး ၃၇၅ သိန်း (ညှိနှိုင်း)

09-799576201

### “ဈေးနှုန်းချိုသာ (အမြန်) ရောင်းမည်” (ပွဲစားမလို)

* ကမာရွတ်၊ မွန်စေတီလမ်းမနီး (75'x80') အကျယ်ရှိ မြေသီးသန့်၊(မြေပိုင်မြေ) ဈေးနှုန်း - 12200သိန်း
* ရန်ကင်း၊ ပါရမီလမ်းမပေါ် (30'x 60')အကျယ်ရှိမြေ၊ (နေရာကောင်း)၊(လုပ်ငန်းသင့်) ဈေးနှုန်း - 6500သိန်း
* လှိုင်၊ဗဟိုလမ်း (75'x85') အကျယ်ရှိ မြေသီးသန့်၊ မြေပိုင်မြေ၊(လုပ်ငန်းအလွန်သင့်) ဈေးနှုန်း - 5200သိန်း
* လှိုင်၊(၆)မိုင်ခွဲပြည်လမ်းသွယ် (60'x 60') အကျယ်ရှိ (၁)ထပ်တိုက်၊ MBR-1, BR-2 ဈေးနှုန်း - 4000သိန်း
* မရမ်းကုန်း၊ကမ္ဘာအေးလမ်းသန့် (90'x 65') အကျယ်ရှိမြေ၊ (အုတ်ခတ်)၊(၈)ရပ်ကွက် ဈေးနှုန်း - 2850သိန်း
* ရန်ကင်း၊ ဘောက်ထော် (25'x55') အကျယ်ရှိ မြေသီးသန့်၊ (ဂရန်) ဈေးနှုန်း - 1800သိန်း

01-552742, 09 5060940, 09 5060938, 09 73500535


UPG
UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007
Responsible Care®
THE GLOBAL COMPACT
Global Compact Network [Myanmar]
မြန်မာနှစ်သစ်ကူး အထူးအစီအစဉ်
PREMIER
လီတာ ၂၀ ဝယ်ယူတိုင်း MPT ဖုန်းငွေဖြည့်ကတ် ၅၀၀၀ ကျပ် ရယူပါ...
PREMIER Weathershield
PREMIER Odourless
PREMIER Silk
ORIENT
လီတာ ၅၀ ဝယ်ယူတိုင်း MPT ဖုန်းငွေဖြည့်ကတ် ၅၀၀၀ ကျပ် ရယူပါ...
ORIENT
Interior and Exterior Emulsion Paint
သင်္ကြန်ရေစင်ရေပေါက်ကဲ့သို့ အေးမြကြည်လင်စွာ...
နှစ်သစ်မှစ၍ ခံစားဖြတ်သန်းနိုင်ကြစေရန် အတာရေပက် ဖျန်းလိုက်ပါသည်။
Promotion ကာလ ▶ ၁-၄-၂၀၁၇ မှ ၃၁-၅-၂၀၁၇


LG Life's Good
TMW Enterprise Limited
biggest SALE
11th MARCH ~ 11th APRIL | 2017
Like Us On LG loves Myanmar
SPECIAL ITEMS !!!
24" LED TV (24MT48VF)
32" LED TV (32LH500D)
FREE GIFT
FAN
"အခြား LG အီလက်ထရောနစ်ပစ္စည်း ဘာဝယ်ဝယ် ဗလာမပါ ခဲခြစ်ကံစမ်းမဲ"
"လက်ဆောင်ကောင်းတွေ ရယူဖို့ LG ကိုသာ ဝယ်ကြစို့"
"Grand Lucky Drawထပ်ဆင့်ကံစမ်းမဲ"
ဒုတိယဆု
GNB 602HLCL
ပထမဆု
LG 4K ULTRA HDTV
65UH615T
တတိယဆု
F1496TDT4
နှစ်သိမ့်ဆု (၅)ဆု
Mobile Handsets
DVD Player
Microwave Oven
Vacuum Cleaner
77" Ultra HD OLED, T2
77EG970T
10% Discount
FREE GIFT
GND702HSAL
LHB755
BSQ186K3A0
F2514NTGE
86" Super UHD Smart 3D LED, T2
86UH955T
FREE GIFT
LHB755
65" Super UHD Smart 3D LED, T2
65UH850T
FREE GIFT
BP450 (Blu-ray Player)
55"| 65" OLED 4K Smart LED, T2
OLED55B6T | OLED65B6T
FREE GIFT
24MT48VF 24" LED TV
55"| 65" Ultra HD Smart LED, T2
55UH615T | 65UH615T
FREE GIFT
BP250 (Blu-ray Player)
43" | 49" | 55" Smart / Normal LED, T2
43LH590T | 49LH511T | 55LH600T
43LH570T | 49LH570T (You Tube)
FREE GIFT
DP 132H (DVD Player)
3D Blu-ray Home Theater | DVD Home Theater
LHD675 | DH3140S | DH6340P
BH5540T | BH6340H
FREE GIFT 8GB Micro Vault
CM9760 (RMS300W)
FREE GIFT AKG-Y10 (Ear Phone)
LHB755 | BH9540TW
FREE GIFT AKG-Y50 (Head Phone)
Front Load, Inverter
F1409NPRL (9Kg)
F1408DM2W1 (8/5 Kg- Wash & Dry)
FREE GIFT
MS2042 Microwave Oven
Dryer
RC9011A1 (10.5Kg)
FREE GIFT
MS2042 Microwave Oven
Side by Side, 4 Doors (680L)
GND702HSAL
FREE GIFT
Lock & Lock Gift Set
Air Conditioner | Microwave Oven | Vacuum Cleaner
Scartch Lucky Draw Coupon
LG Brand Shop (Sule) အမှတ်(၁၂၃)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၇၉၉၅၅
LG Premium Brand Shop (Kabaraye) အမှတ်(၅၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၈၆၀၃၃၃၅
LG Brand Shop (Pansodan) အမှတ်(၁၆၂-၁၆၄)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၅၄၅၆၀
LG Brand Shop (Myanmar Plaza) အမှတ်(၁၉၂)၊ မြန်မာပလာဇာ၊ ဒုတိယထပ်၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၉၇၄၀၀၅၀၄၄
LG Brand Shop (Mandalay) အမှတ်(၂၁၃)၊ ၂၇လမ်းနှင့် ၈၂လမ်းထောင့်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၂-၆၄၀၂၉
LG Brand Shop (Nay Pyi Taw) အမှတ်(၁၅၁/၁၅၃)၊ သီရိရတနာ အဆင့်မြင့်ဈေး၊ နေပြည်တော်။ ဖုန်း - ၀၆၇-၄၂၀၇၉၁၊ ၄၂၀၉၆၆
Wai Yan Electronics :
Pansodan : 01-250596~7
Mandalay : 02-72580~4
Kabar Aye : 01-401416
Mingalar Mandalay : 09 91008417
South Dagon : 01-8100343~4
Nay Pyi Taw : 067-8108089
Bo Aung Kyaw : 01-398571
Taunggyi : 081-200571
Insein : 01-642678
Bago : 09-260632525
LG BRAND SHOP များ၊ Wai Yan Electronics များတွင် ဝယ်ယူရရှိနိုင်ပါသည်။








ဈေးဝယ်သူမိဘပြည်သူများ၏ အားပေးမှုများနှင့်အတူ ယခုဆိုလျှင် G&G ဆိုင်ခွဲပေါင်း (၁၉၉)ဆိုင်ရှိသွားပါပြီ...
မကြာမီအချိန်အတွင်း ဆိုင်(၂၀၀)မြောက် ဆိုင်ခွဲကြီးကို အသစ် အသစ်သော ဂန်ဆောင်မှုများ၊ ပစ္စည်းအမျိုးအစားပိုမိုစုံလင်စွာဖြင့် ဖွင့်လှစ်သွားမည့်အပြင်
အထူးလျှော့ဈေးများ၊ လက်ဆောင်ပစ္စည်းများ၊ LUCKY DRAW အစီအစဉ်များဖြင့် ဖွင့်လှစ်တော့မှာဖြစ်ပါကြောင်း...


ABC မင်္ဂလာပွဲ
နှစ်သစ်ကူးသင်္ကြန်
မြေနီကုန်း၊ဘိုကလေးဈေး၊သိမ်ကြီးဈေး၊ကမ္ဘာအေး၊စံရိပ်ငြိမ်
up to 50% off
အမျိုးသား / အမျိုးသမီး / ကလေး
အဝတ်အထည် နှင့်ဖိနပ်များ၊အမျိုးသမီးလက်ကိုင်အိတ်များ
ခရီးဆောင်အိတ်များ နှင့် အလှကုန်ပစ္စည်းများ......
17Mar – 12Apr'17
Buy 1 Get 1
အမျိုးသားဝတ် နာမည်ကြီး အမှတ်တံဆိပ်အင်္ကျီများကို
(၁)ထည်ဝယ်လျှင်(၁)ထည်လက်ဆောင်ရရှိပါမည်။
OASIS
Forever
HORN Fashions
BABY House
SOLO COLLECTION
Pu Pu Kids Fashion
OM
Style Kids
Sweetie kids
AURA COLLECTION
TODAY BOOKSTORE
i-MAX
LiLy
နီလာ
KS Collection
Bloom
Fashion Idol
D II 2
PTK
TRI
TRUE
limelight
AKK Fashion
1st GENERATION
Time
Mama Bella
CREATOR
Vea opel
T-Zar
Q.C
ZEAL collection
PERSONA Executive Wear
CAIDE CLUB
FREEWAY
b'coz
VANSON
MT Collection
ရွှေနဒီ
(၁၁–၃–၂၀၁၇)မှ(၁၂–၄–၂၀၁၇)အထိ စားသောက်ဆိုင်များနှင့် ဖက်ရှင်ဆိုင်များပါဝင်မည့်ဈေးရောင်းပွဲတော်ကို ဂမုန်းပွင့် (ကမ္ဘာအေး၊ဘိုကလေးဈေး၊စံရိပ်ငြိမ်)တို့တွင် ကျင်းပပါမည်။


CONCORDIA INTERNATIONAL
CONCORDIA PROFESSIONAL SURVEYING SERVICES
လူကြီးမင်းတို့၏ လုပ်ငန်းတွင် လိုအပ်သော မြေတိုင်းတာရေး လုပ်ငန်းများအတွက်
- မြေဧရိယာသတ်မှတ်ခြင်း
- ဆောက်လုပ်ရေးလုပ်ငန်းများအတွက် တိုင်းတာခြင်း နှင့် အခြားသောတိုင်းတာရေးလုပ်ငန်းများအတွက်
GPS Geodetic network and RTK Survey
Topographic survey
Survey for engineering design and Construction Survey
Boundary Survey
Ready to call a land surveying services
( Free presentation one hour for your project )
YGN OFFICE
Building11, MICT Park, Hlaing Township, Yangon, Myanmar.
Tel: 01-654 950, 654 951, 654 952, 654 953
HP : 09 430 890 36 , 09 430 96 436
Email:concordia@myanmar.com.mm,
concordiaygn@gmail.com
MANDALAY OFFICE
Block-1, Rm-8, Mingalar Mandalay,
Chanmyatharsi Township.
Ph:09-506 7172 , 01-9100 1983
Email:cilmdy@gmail.com
NAY PYI TAW OFFICE
No.144, shopping Complex (Thiriyadanar) Nay Pyi Taw
Ph:067-420 819, 421 362 , Fax : 067- 420 819
Email:nptconcordia@gmail.com


TOKYO BBQ DINING
MANPUKU
စိတ်လှုပ်ရှားဖွယ်
Promotion အစီအစဉ်များကို
တစ်လတစ်ခါ မထပ်အောင်
စီစဉ်ပေးလျက်ရှိပါသည်။
ဂျပန်စားဖိုမှူးကြီး
MR.Naoki Watanabe
ကိုယ်တိုင် ချက်ပြုတ်စီမံသော
ဂျပန်အသားကင်ဆိုင်
No.(30), Sagawar Street, Dagon Township, Yangon. TEL: 09-970137546, 09-8300426, 09-5046736


edexcel
CAMBRIDGE International Examinations
ဘာသာစုံ တစ်နေရာတည်းမှာ အတွေ့အကြုံ
ဝါရင့် ဆရာ၊ဆရာမများနှင့် သင်ကြားနိုင်မည်
IGCSE SPECIAL CLASS
1. ACCOUNTING
2. BUSINESS STUDIES
3. BIOLOGY
4. CHEMISTRY
5. ECONOMICS
6. ENGLISH
7. PHYSICS
8. MATHEMATICS
9. ADDITIONAL MATHEMATICS
INSTITUTE OF INTERNATIONAL PROFESSIONALISM
09 450407041
09 450407042


SGH CAR TRADING
SGH
အိမ်စီးသုံးကား၊ Taxi ကား၊လုပ်ငန်းသုံးကား၊ ခရီးသည်တင်ကား၊ ဖြေသယ်ကားများကို ဘဏ်နှင့် ချိတ်ဆက်စရာမလိုပဲ
အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။
အမှတ်(၄၃၂)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
အမှတ်(၅၃၁)၊ ဗားလာမြိုင်လမ်းသွယ်၊ လှည်းတန်း (AGD ဘဏ်ဘေး)၊ ကမာရွတ်မြို့နယ်။
ဆက်သွယ်ရန်လိပ်စာ 01-220502 , 01-503439, 09-785030336, 09-784551277, 09-965030336

# နိုင်ငံခြားရေး၊ နယ်စပ်ရေးရာ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်မှု သတင်းစာရှင်းလင်းပွဲကျင်းပ



**နေပြည်တော် ဧပြီ ၆**

နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျက နိုင်ငံခြားရေးဝန်ကြီးဌာနသည် နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရာတွင် ပြည်သူများအား တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး၊ ဖွံ့ဖြိုးမှုနောက်ကျနေသည့် ဒေသများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ရေးတို့ကို

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ۞**

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၁) ယနေ့ စတင်ကျင်းပမည်

**နေပြည်တော် ဧပြီ ၆**

၂၀၁၇ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၁)ကို ဧပြီ ၇ ရက်(ယနေ့)တွင် စတင်ကျင်းပမည်ဖြစ်ပြီး ယခုတစ်ပတ်အပြီးတွင် ပထမအကျော့ပြီးဆုံးမည် ဖြစ်သည်။

ပွဲစဉ်(၁၁)အဖြစ် ဧပြီ ၇ ရက်တွင် တောင်ငူကွင်း၌ ဟံသာဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဝေသာလီကွင်း၌ ရခိုင်အသင်းနှင့် ဧရာဝတီအသင်း၊ ဧပြီ ၈ ရက်တွင် အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ဇွဲကပင်အသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် GFA အသင်း၊ ဧပြီ ၉ ရက်တွင် ဝဏ္ဏသိဒ္ဓိကွင်း၌ နေပြည်တော်အသင်းနှင့် ရတနာပုံအသင်းတို့

**စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ❖**



အဝေးကွင်း ပွဲကျပ်ကစားရမည့် ရတနာပုံအသင်း။

# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် နေ့စဉ်ထုတ်သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် ဧပြီ ၆**

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်သည်။

ဧပြီ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများ ထုတ်ဝေသွားမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ဧပြီ ၁၆၊ ၁၇ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ ထုတ်ဝေလျက်ရှိသည့် မန္တလေးကဏ္ဍစာမျက်နှာကိုလည်း သင်္ကြန်ရုံးပိတ်ရက်ကာလဖြစ်သည့် ဧပြီ ၁၅ ရက်တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ ထုတ်ဝေလျက်ရှိသည့် တိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီ ၁၆ ရက်တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး ရုံးပိတ်ရက်ကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်သည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီ ၁၈ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။

**(သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)**

